# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ -၂၁၇)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ စနေနေ့။ Saturday, 19 August 2023 ၁၁၁၉၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မုံရွာခရိုင်၌ ဆီထွက်သီးနှံ ၁၃၁၅၇၃ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၃၁၅၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**၁၈၂၇၄၅ ဧက စိုက်ပျိုးရန်လျာထား**

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာ၌ ဆီထွက်သီးနှံ ၁၈၂၇၄၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၁၃၁၅၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မုံရွာခရိုင်၌ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၃၄၁၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၃၈၄၇ ဧက၊ ဘုတလင်မြို့နယ်တွင် ၉၁၆ဝ၂ ဧကနှင့် အရာတော်မြို့နယ်တွင် ၆၃၈၇၉ ဧက စုစုပေါင်း ၁၈၂၇၄၅ ဧက ဖြစ်ကြောင်း၊ မြို့နယ်အလိုက် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၃၆၇၄ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁ဝ၆၅၆ ဧက၊ ဘုတလင်မြို့နယ်တွင် ၆ဝ၁ဝ၇ ဧကနှင့် အရာတော်မြို့နယ်တွင် ၄၇၁၃၆ ဧက စုစုပေါင်း ၁၃၁၅၇၃ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားချက်ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့ ညနေ ၆ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၃ဝ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့ကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

**အာဆီယံဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆု**

ဆောင်းပါး စာမျက်နှာ » ၁၇

**ယနေ့ ဖတ်စရာ**



**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စက်တင်ဘာ ၃ ရက်အထိ အခမဲ့ဖူးမြော်ကြည်ညိုခွင့်ပြုမည်**

စာမျက်နှာ » ၇

**သာသနာ့မှတ်တိုင် စိုက်ထူနိုင်ခဲ့သည့် မာရဝိဇယ**

ဆောင်းပါး စာမျက်နှာ » ၆

**၂ဝ၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၁၂

ကြေးမုံ

# သဘာဝဘေးအန္တရာယ်ကိုသတိပြု

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးမြသာယာရပ်ကွက် မနမှော်ရှိ ကုမ္ပဏီလုပ်ကွက် ကျင်းဟောင်းရေကန်တစ်ခုတွင် ဩဂုတ်လ ၁၃ ရက်နေ့ ညနေ ၄ နာရီခန့်က မြေပြိုကျမှုဖြစ်ပွားခဲ့ရာ ရေကန်အတွင်း ရေမျောနစ်မြုပ်နေသော ရေမဆေးကျောက်ရှာဖွေနေသူများ မြေပိပျောက်ဆုံးမှုဖြစ်ပွားခဲ့သည်။ မြေပိပျောက်ဆုံးနေသူများအား ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့နှင့် လူမှုကူညီရေးအသင်းအဖွဲ့ ၁၂ ဖွဲ့တို့က ရှာဖွေကယ်ဆယ်ရေးပြုလုပ်ခဲ့ရာ ဩဂုတ်လ ၁၆ ရက်နေ့တွင် မြေပိသေဆုံးသူ ၃၃ ဦးကို ရှာဖွေတွေ့ရှိခဲ့သည်။

ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက နေ့စဉ်ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိပြီး ကျန်ရှိနေသူများအား ဆက်လက်ရှာဖွေလျက်ရှိသည်။ ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းခွင်များရှိ စွန့်ပစ်မြေစာပုံများတွင် ရေမဆေးကျောက်ရှာဖွေကြသူများ မြေပြိုကျမှုကြောင့် အသက်သေဆုံးမှုများ မကြာခဏဖြစ်ပွားမှုရှိခဲ့သည်။ ယခုကဲ့သို့ မိုးရာသီကာလတွင် မိုးသည်းထန်မှုကြောင့် မြေများပျော့အိကျလာပြီး မြေပြိုမှုအန္တရာယ်များဖြစ်ပွားတတ်သည်ကို သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့နိုင်သောနိုင်ငံဖြစ်ပြီး နွေရာသီကာလတွင် မီးလောင်မှု၊ မိုးရာသီကာလတွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုများဖြစ်ပွားတတ်သဖြင့် ပြည်သူများ သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ကြိုတင်သတိပြု ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ထားရမည်ဖြစ်သည်။ လူတို့၏ သတိမမူ၊ မဆင်ခြင်မှုတို့ကြောင့် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့နိုင်ရသည်ဖြစ်ရာ ဖြစ်ပွားလာသည့်အခါ ဆုံးရှုံးနစ်နာမှုများ၊ အဖြစ်ဆိုးများနှင့်ကြုံတွေ့ရတတ်သည်ကို ကာယကံရှင်များသာမက သက်ဆိုင်ရာတို့အနေဖြင့် သတိပြုလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၌ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကြုံတွေ့လျက်ရှိသည်။ လတ်တလောတွင် အမေရိကန်နိုင်ငံ ဟာဝိုင်အီကျွန်း၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွားလျက်ရှိရာ တောမီးနှင့်မလွတ်ဘဲ မီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ တစ်ရာကျော်ရှိလာပြီဟု သိရသည်။ မြန်မာနိုင်ငံ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး၌ တောင်ပြိုကျမှုကြောင့် သွားလာဆက်သွယ်မှုပြတ်တောက်ခဲ့သဖြင့် လမ်းပြင်ဆင်မှုများကို အမြန်ဆုံးဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်း၊ ပါကစ္စတန်နိုင်ငံမြောက်ပိုင်း၊ တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်ရှီးပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျမှုများဖြစ်ပွားခဲ့ရာ သေဆုံးသူ အမြောက်အမြားရှိခဲ့သည်။

ယခုနှစ် မုတ်သုံရာသီ စတင်ဝင်ရောက်ချိန်မှစ၍ မိုးသက်မုန်တိုင်းများကျရောက်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းများဝင်ရောက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းသောကြောင့် ရေကြီးရေလျှံ၊ ရေနစ်မြုပ်မှုများဖြစ်ပွားခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မြေပြိုကျခြင်းစသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အအုံနှင့် လူအများထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုများဖြစ်ပွားခဲ့ကာ အချို့နိုင်ငံများတွင် မိုးခေါင်ခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ တောမီးလောင်ခြင်းကြောင့် သေဆုံးမှုများရှိသည်။

ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့နေကြရသဖြင့် ကုလသမဂ္ဂနှင့်ကမ္ဘာ့နိုင်ငံများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလျင်အမြန် အရေးတကြီးပြုလုပ်ကြရန် တိုက်တွန်းနှိုးဆော်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို မဟာဗျူဟာစီမံချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုကိုဖြစ်စေသည့် သစ်တောသစ်ပင်များ ပျက်စီးဆုံးရှုံးမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု၊ လူတို့၏အကျိုးစီးပွားအတွက် အသုံးပြုဆောင်ရွက်မှုများမှတစ်ဆင့် ပေါ်ထွက်လာသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် ထုတ်လွှတ်မှုများကြောင့် ရာသီဥတုပြောင်းလဲဖောက်ပြန်လာခြင်းဖြစ်သည်။

ကမ္ဘာကြီးနှင့်ပတ်ဝန်းကျင်လောကကို ဆိုးရွားစွာထိခိုက်စေသည့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်ရာတွင် အစိုးရတစ်ရပ်တည်းက ဆောင်ရွက်နေရုံဖြင့်မပြီးပေ။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ လူတို့၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ပြုလုပ်ဆောင်ရွက်မှုများ၊ လူတို့၏ မဆင်မခြင်နေထိုင်လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရခြင်းဖြစ်ရာ အဓိကကျသည့်လူသားများက သဘာဝပတ်ဝန်းကျင်ကို သတိပြုရမည်ဟူသောအသိနှင့် ဦးဆောင်ဦးရွက်ပြုလုပ်ဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့်စိတ်ထားများ ထားရှိကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် လူသားများ၏ တန်ဖိုးမဖြတ်နိုင်သော အသက်များ အချည်းနှီးဆုံးရှုံးနေသည်ကို တွေ့မြင်ကြရပြီဖြစ်၍ သဘာဝဘေးအန္တရာယ်ကျရောက်မှုမှ လျော့ပါးသက်သာစေမည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ဆွမ်းဆန်တော်၊ ဆီနှင့် ကုလားပဲတို့ကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေဖြူမြို့နယ် (ဃ)ရပ်ကွက်ရှိ သာသနပါလကျောင်းသို့ ရေဖြူမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဦးသုရိယထံသို့ ဆွမ်းဆန်တော် ခုနစ်အိတ်၊ ဆီ ငါးပိဿာ၊ ကုလားပဲ ငါးပိဿာနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရေတာရှည်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ရေတာရှည် ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက မြောက်နန်ချွန်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာဦးစီးဌာနမှ ဒုတိယပညာရေးမှူး ဦးမောင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးဆုစံက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ Moderator အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးဆုစံက ဆောင်ရွက်ခဲ့ပြီး Grade-12 ကျောင်းသား မောင်ထိန်လင်းဦးက "လူငယ်နှင့်အချိန်"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -11 ကျောင်းသူ မနှယဉ်ဝင်းက "လူငယ်နှင့် ခေါင်းဆောင်မှုစိတ်ဓာတ်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade -11 ကျောင်းသူ မနှင်းနုဖြိုးက "လူငယ်နှင့်တွန်းအား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ မအိပွင့်ဖြူက "လူငယ်နှင့်စာနာမှု" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။



ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၂,၀၈၄ | ၁၈,၆၂၆,၉၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၅၀ | ၄,၅၄၂ | ၁၄,၀၈၈,၃၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁၆၃ | ၁,၃၀၃,၈၀၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၁၄၃ | ၂၃၅,၉၅၀ |
| TMH | ၂,၄၀၀ | ၂,၃၅၀ | ၁၀၁ | ၂၄၂,၃၅၀ |
| EFR | ၂,၃၀၀ | ၂,၃၅၀ | ၁,၀၀၅ | ၂,၃၁၁,၇၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၅ | ၁၂၂,၅၀၀ |
| MAEX | ၁,၉၅၀ | ၁,၉၅၀ | ၄,၆၃၈ | ၉,၀၄၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မန္တလေး-ရန်ကုန်ခရီးစဉ်ပြေးဆွဲနေသော မြန်မာ့မီးရထား ကုန်တင်ရထားကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်သည့် နေရာသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၈**

အကြမ်းဖက်သမားများက အများပြည်သူ အသုံးပြုလျက်ရှိသည့် ကားလမ်း၊ ရထားလမ်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများ လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် စက်ခေါင်းအမှတ် DF/2077 မန္တလေး-ရန်ကုန် ကုန်တင်ရထားအား ကညွတ်ကွင်းမြို့နှင့် တောင်ငူ့အင်းမြို့အကြား၌ မိုင်းထောင်ဖောက်ခွဲခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

**ထိခိုက်ဒဏ်ရာရရှိမှု မရှိ**

ဖြစ်စဉ်မှာ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ဩဂုတ် ၁၇ ရက် ညနေ ၅ နာရီခန့်တွင် ထွက်ခွာလာသော စက်ခေါင်းအမှတ် DF/2077 မန္တလေး-ရန်ကုန် ကုန်တင်ရထားသည် တောင်ငူ့အင်းမြို့၏ အနောက်မြောက်ဘက်မီတာ ၂၀၀၀ ခန့်အကွာ ရထားလမ်းကြေးနန်းမိုင်တိုင်အမှတ် ၁၂၀/၀၊ တံတားအမှတ် (၁၇၉) နေရာသို့ ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ တွင် ဖြတ်သန်းမောင်းနှင်စဉ် အကြမ်းဖက်သမားများက လက်လုပ်ရီမုမိုင်း တစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် စက်ခေါင်း နှစ်ခေါင်း၊ နားနေတွဲ တစ်တွဲနှင့် ကုန်တွဲခြောက်တွဲတို့သည် လမ်း၏ ညာဘက်သို့ လမ်းချော်ခြင်း၊ ရထားသံလမ်း ပေ ၁၅၀ ခန့် တွန့်လိမ်ပျက်စီးခြင်းနှင့် ဇလီဖားတုံးများ ကျိုးပဲ့ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**ညွှန်ကြားဆောင်ရွက်ပေး**

ဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် သွားရောက်စစ်ဆေးကာ လမ်းချော်ကျ တိမ်းမှောက်သွားသော စက်ခေါင်းနှင့် ကုန်တွဲများကို အမြန်ဆုံးပြန်လည်မတင်နိုင်ရေးနှင့် လမ်းပိုင်းအမြန်ပြုပြင်၍ ရထားများ ပုံမှန်ပြေးဆွဲနိုင်ရေးတို့အတွက် မြန်မာ့မီးရထားရုံးချုပ်မှ ဌာနအကြီးအကဲများ ကိုယ်တိုင်အနီးကပ် ကြီးကြပ် ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။




ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မန္တလေး-ရန်ကုန်ခရီးစဉ်ပြေးဆွဲနေသော မြန်မာ့မီးရထား ကုန်တင်ရထားကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်သည့် နေရာတွင် ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်အနေဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးအတွက် လူစီးရထားများ၊ ကုန်ရထားခရီးစဉ်များ အချိန်မှန်ပြေးဆွဲနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း ပြေးဆွဲမှုနှောင့်နှေးကြန့်ကြာစေပြီး ခရီးသွားပြည်သူများနှင့် ကုန်စည်များ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေရေး ယုတ်မာရက်စက်စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကျူးလွန်နေကြသည့် အကြမ်းဖက်အဖွဲ့များအား ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**






အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် မန္တလေး-ရန်ကုန်ခရီးစဉ်ပြေးဆွဲနေသော မြန်မာ့မီးရထား ကုန်တင်ရထားကို တွေ့ရစဉ်။

❂ **ရှေ့ဖုံးမှ**

မုံရွာခရိုင်တွင် ဆီထွက်သီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆီထွက်သီးနှံ စိုက်ဧရိယာများကို GAP စနစ်ဖြင့် စိုက်ပျိုးရန် အရည်အသွေးကောင်း၍ ပန်းတိုင်အထွက်နှုန်း ထွက်ရှိလာစေရန် သက်ဆိုင်ရာ ဧရိယာအတွင်း ဆီဖူလုံမှုရှိ၍ အခြားဒေသများသို့ တင်ပို့ရောင်းချနိုင်ရန် နည်းပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းသီးနှံစိုက်ပျိုးရန် ၁၄၅၉၅၁ ဧကလျာထား**

ထို့အပြင် ဆောင်းသီးနှံစိုက်ပျိုးရာ၌ မုံရွာခရိုင်တွင် ဆီထွက်သီးနှံများ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၂၇၇၈၁ ဧက၊ ချောင်းဦးမြို့နယ်တွင် ၂၆၉၄၁ ဧက၊ ဘုတလင်မြို့နယ်တွင် ၄၆၅၉၇ ဧကနှင့် အရာတော်မြို့နယ်တွင် ၄၄၆၃၂ ဧက စုစုပေါင်း ၁၄၅၉၅၁ ဧက ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း အသိပညာပေးရှင်းလင်း

**မန္တလေး ဩဂုတ် ၁၈**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ပြေစာအမှတ်တံဆိပ် (အခွန်အမှတ်တံဆိပ်) ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲကို ဩဂုတ် ၁၇ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅) ဌာနမှူး (ညွှန်ကြားရေးမှူး) ဦးအောင်မြင့်က အမှာစကားပြောကြားပြီး အခွန်ဆိုင်ရာစီမံခန့်ခွဲမှုကိစ္စရပ်များနှင့် ပြေစာအမှတ်တံဆိပ် (အခွန်အမှတ်တံဆိပ်) ကပ်နှိပ်ခြင်းဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်အခွန်ထမ်းများ၏ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။



အခမ်းအနားသို့ စားသောက်ဆိုင်လုပ်ငန်းရှင် ခုနစ်ဦး၊ ရွှေဆိုင်လုပ်ငန်းရှင် သုံးဦး၊ ဟိုတယ်/ တည်းခိုခန်း လုပ်ငန်းရှင် ၂၀၊ ဟာန်းဆက်နှင့်ဆက်စပ်ပစ္စည်းလုပ်ငန်းရှင် ၂၅ ဦး စုစုပေါင်း ၅၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

၂၂၂

# အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအစည်းအဝေး (၂/၂၀၂၃) ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

အသေးစား ငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီ (၂/၂၀၂၃) အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများနှင့် မြန်မာနိုင်ငံအသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ကူညီရေးအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ထိရောက်သော အထောက်အပံ့**

ဦးစွာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က မြန်မာနိုင်ငံ၏ အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍတွင် ၂၀၁၁ ခုနှစ်မှစ၍ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပြဋ္ဌာန်းပြီး ဆောင်ရွက်ခဲ့ရာ ဝင်ငွေနည်း





ပြည်သူများနှင့် MSME များ အတွက် ကောင်းမွန်သော ငွေကြေးဝန်ဆောင်မှု ရရှိစေခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို ထိရောက်သော အထောက်အပံ့ဖြစ်စေခဲ့ကြောင်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ဥပဒေ/စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၃၁) အရ INGO ၊ NGO အဖွဲ့အစည်းများသည် အကျိုးအမြတ်ရယူသော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိသဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ဖြင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများဆောင်ရွက်နေသော INGO၊ NGO အဖွဲ့အစည်းများအား ကုမ္ပဏီအဖြစ် ပြောင်းလဲခြင်းလုပ်ငန်းစဉ်များကို ခွင့်ပြုခဲ့ကြောင်း။

PGMF (INGO) အဖွဲ့အစည်းသည် သတ်မှတ်ကာလအတွင်း ကုမ္ပဏီအဖြစ်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပြီးပြတ်ခြင်းမရှိသဖြင့် လုပ်ငန်းပိတ်သိမ်းရေး ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ကြီးကြပ်မှုကော်မတီသို့တင်ပြမှုကို အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လက်ရှိသတ်မှတ်ထားသည့် ချေးငွေအပေါ်ကောက်ခံသော အတိုးနှုန်းနှင့် စုဆောင်းငွေအပေါ်ပေးအပ်သော အတိုးနှုန်းတို့ကို ဝင်ငွေနည်းပြည်သူများ၏ လူမှုစီးပွားရေး ဘဝနှင့်လိုက်လျောညီထွေဖြစ်စေရန် အတိုးနှုန်းပြင်ဆင်သတ်မှတ်ရန် သင့်-မသင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသေးစား ငွေရေးကြေးရေး လုပ်ငန်းကဏ္ဍ၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှု၊ INGO ၊ NGO အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ ကုမ္ပဏီအဖြစ်ပြောင်းလဲဖွဲ့စည်းမှု၊ PGMF (INGO) အဖွဲ့အစည်း၏ လုပ်ငန်း ပိတ်သိမ်းမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု၊ အတိုးနှုန်းပြင်ဆင်သတ်မှတ်ရန် သုံးသပ်တင်ပြထားမှု၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ နယ်မြေတိုးချဲ့မှု၊ မတည်ငွေရင်းထည့်ဝင်မှု၊ အစုရှယ်ယာရှင်ပြောင်းလဲမှု၊ ဒါရိုက်တာဘုတ်အဖွဲ့ပြောင်းလဲမှု အပါအဝင် ကြီးကြပ်မှု ကော်မတီက ဆွေးနွေးဆုံးဖြတ်ရန် အချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်းက အသေးစားငွေရေးကြေးရေး လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေး တည်ဆောက်မှု သင်တန်းများဖွင့်လှစ်ပို့ချမှု၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများ၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီက ဖြည့်ဆည်းဆောင်ရွက်ပေးရန် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လအထိ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီးသည့် အဖွဲ့အစည်းအနေဖြင့် INGO တစ်ဖွဲ့၊ NGO တစ်ဖွဲ့၊ ပြည်ပကုမ္ပဏီ ၅၅ ဖွဲ့၊ ပြည်တွင်း ကုမ္ပဏီ ၁၁၅ ဖွဲ့နှင့် အစုစပ်ကုမ္ပဏီရှစ်ဖွဲ့ စုစုပေါင်း အဖွဲ့ ၁၈၀ ရှိပြီး တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၂၆၆ မြို့နယ်၊ ရပ်ကွက်ပေါင်း ၂၃၀၉ ရပ်ကွက်၊ ကျေးရွာပေါင်း ၂၇၇၂၂ ရွာရှိ အသင်းဝင်ဦးရေပေါင်း ၃ ဒသမ ၆ သန်းအား ငွေကြေးဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ - CPU မှအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် - PFP အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်က နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန် လိုအပ်ပြီး အများပြည်သူထံမှတုံ့ပြန်မှု ရယူခြင်း အစီအစဉ်တွင် ဝန်ဆောင်မှုရယူသည့်ပြည်သူများ၏တုံ့ပြန်မှုများအပေါ် အလေးထားဆောင်ရွက်ခြင်း၊ မိမိဌာန၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်အကဲဖြတ် သုံးသပ်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပို့ချသူများက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့်မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ် တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်စိုက်ပျိုးရေးတက္ကသိုလ်၊ လော့စစ်ဝမ် နိုင်ငံတကာရောင်းဝယ်ရေးမြို့တော်နှင့် ကူမင်းနိုင်ငံတကာ ပန်းရောင်းဝယ်ရေးစင်တာတို့ကို သွားရောက်လေ့လာ

ကူမင်း ဩဂုတ် ၁၈

တရုတ်နိုင်ငံ ကူမင်းမြို့၌ ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့သည် မဲခေါင်ဒေသနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ယနေ့တွင် ကူမင်းမြို့ရှိ ယူနန်စိုက်ပျိုးရေးတက္ကသိုလ်၊ လော့စစ်ဝမ်နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးနှင့် ကူမင်းနိုင်ငံတကာပန်းရောင်းဝယ်ရေး စင်တာတို့ကို သွားရောက်လေ့လာကြသည်။

## ရှင်းလင်းပြသ

နံနက်ပိုင်းတွင် ယူနန်စိုက်ပျိုးရေး တက္ကသိုလ် (Yunnan Agricultural University) သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး စိုက်ပျိုးရေးဆိုင်ရာ သုတေသနစင်တာ(Data Center)တွင်သုတေသနပြုလုပ်၍ အချက်အလက်များ စုဆောင်းမှုနှင့် ဖြန့်ချိမှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ကြက်မွေးမြူရေးပြတိုက်တွင် မျိုးရင်းကြက်များ၊ စပ်မျိုးကြက်များ၊ ဥနှင့်အသားထုတ်လုပ်မည့် ကြက်များဆိုင်ရာ လေ့လာစုဆောင်းထားမှုနှင့် ပညာမျှဝေဖြန့်ဖြူးရေး ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများထုတ်လုပ်သည့် အစားအသောက်ဆိုင်ရာပြပွဲတွင် ယာစပါးအမျိုးမျိုး၊ ဖူးစား/နှံစား ပြောင်းအမျိုးမျိုး၊ အာလူးနှင့် ကန်စွန်းဥအမျိုးမျိုး စမ်းသပ်ထုတ်လုပ်မှုများအပြင် လက်ဖက်ခြောက်၊ စပျစ်ဝိုင်စသည်ဖြင့် ထုတ်လုပ်မှုများကိုလည်းကောင်း လိုက်လံရှင်းလင်းပြသကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်စိုက်ပျိုးရေးတက္ကသိုလ်တွင် ကြည့်ရှုလေ့လာစဉ်။

ယင်းတက္ကသိုလ်တွင် ပါရဂူဘွဲ့ရယူနိုင်ရန် တက်ရောက်နေကြသည့် မြန်မာနိုင်ငံ ရေဆင်းတက္ကသိုလ်မှ ကျောင်းသူသုံးဦး အနက် နှစ်ဦးအား ပြည်ထောင်စုဝန်ကြီးက ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ပညာသင်ကြားမှုအခြေအနေများကို မေးမြန်းကာ ပညာသင်ထောက်ပံ့ငွေပေးအပ်၍ ကျောင်းစားရိပ်သာ၌ နေ့လယ်စာအတူ သုံးဆောင်ကြသည်။

အဆိုပါ ယူနန်စိုက်ပျိုးရေးတက္ကသိုလ်သည် ကူမင်းမြို့တွင် စိုက်ပျိုးရေးကျောင်းအဖြစ် ၁၉၃၈ ခုနှစ်မှ စတင်တည်ထောင်၍ ၁၉၇၁ ခုနှစ်တွင် ယူနန်စိုက်ပျိုးရေး တက္ကသိုလ် (Yunnan Agricultural University) အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ပြည်တွင်းမှ ကျောင်းသူစုစုပေါင်း သုံးသောင်းခန့် တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ ယူနန် စိုက်ပျိုးရေးတက္ကသိုလ် (Yunnan Agricultural University) တွင် ဒေသစင်တာတစ်ခုရှိပြီး ဒေသစင်တာမှ စုဆောင်းထားသည့် အချက်အလက်များကို ကုမ္ပဏီများသို့ ပေးပို့မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ကူမင်းမြို့ လော့စစ်ဝမ်နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေး မြို့တော် (Luosiwan International Trade City) ကို သွားရောက်လေ့လာရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ရှေးဦးစွာ ရှေးဟောင်းရထားတွဲပုံစံပြုလုပ်ထားမှုဖြင့်ခေါ်ဆောင်၍ ဧည့်ခံသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ၎င်းတို့နေရာကို ဆိုင်ခန်းပေါင်း ၃၃၀၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်၍ အဝတ်အထည်၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းများဖြင့် အဆောက်အအုံ သုံးခုတွင် ဇုန်အလိုက် ခွဲခြားဆောင်ရွက်နေကြောင်း၊ ပြည်တွင်းထုတ်ကုန်များကို အခြေခံပြီး တောင်အာရှနှင့် အရှေ့တောင်အာရှသို့ဖြန့်ချိသည့် လက်ကားရောင်းဝယ်ရေးစင်တာ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြပြီး စင်တာအတွင်း လိုက်လံရှင်းလင်းပြသသည်။

## တိုးတက်အောင်မြင်လျက်ရှိ

အဆိုပါ လက်ကားဈေးမှာ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် အကြီးဆုံးဖြစ်ပြီး တရုတ်နိုင်ငံ၌ တတိယအကြီးဆုံးဖြစ်ကာ လုပ်ငန်းများ တိုးတက်အောင်မြင်လျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ကူမင်းနိုင်ငံတကာ ပန်းရောင်းဝယ်ရေးစင်တာ (Kumming International Flora Auction Trading Center ) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ၎င်းတို့စင်တာသည် ကမ္ဘာပေါ်တွင် နံပါတ်(၂)အကြီးဆုံးနှင့် အာရှနှင့်တရုတ်နိုင်ငံတွင် အကြီးဆုံးဖြစ်ပြီး ပန်းစိုက် ဧကသုံးသိန်းခွဲခန့်ဖြင့် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်နေကြောင်း၊ နေ့စဉ် ပန်းစည်း လေး၊ ငါးသန်းခန့်အား ပြည်တွင်းသို့ ၉၀ ရာခိုင်နှုန်းနှင့် ကျန် ၁၀ ရာခိုင်နှုန်းကို ပြည်ပသို့ ရောင်းချတင်ပို့နေကြောင်း၊ ပန်းများ အဆင်းအနံ့ အရည်အသွေး တိုးတက်စေရန် မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြပြီး စင်တာအတွင်း လိုက်လံရှင်းလင်းပြသခဲ့သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လော့စစ်ဝမ် နိုင်ငံတကာ ရောင်းဝယ်ရေးမြို့တော်တွင် ကြည့်ရှုလေ့လာစဉ်။



ကူမင်းနိုင်ငံတကာ ပန်းရောင်းဝယ်ရေးစင်တာကို တွေ့ရစဉ်။

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



နေပြည်တော် ဩဂုတ် ၁၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော Dongfeng EX1 Nano Box အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ငါးစီး၊ Dongfeng E70 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် နှစ်စီး၊ Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော BAIC ARCFOX α T အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် အစီး၂၀ စုစုပေါင်း ၂၇ စီးနှင့် Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger, 7 KW) အခု ၂၀ သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာ့မှတ်တိုင်စိုက်ထူနိုင်ခဲ့သည့် မာရဝိဇယ

မိဇာ

မာရဝိဇယ - မာရ်ငါးပါးကို အောင်မြင်တော်မူခြင်း (မာရဝိဇယဟူသည် မာရ+ဝိ+ဇယ) ဖြစ်ပြီး မာရဆိုသည်မှာ ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်ဆိုတဲ့ မာရ်ငါးပါးကို၊ ဝိ-ဝိသေသန အထူးအားဖြင့်၊ ဇယ- အောင်မြင်တော်မူခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက် (ဩဂုတ် ၁၀ ရက်) နေ့ဟာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဦးခိုက်ဖူးမြော်ခွင့်ရခဲ့တဲ့ ဘဝရဲ့ မှတ်တိုင်တစ်ခု။

### ခမ်းနားလွန်းလှတဲ့ မုခ်ဦး

ကနဦးတွေ့မြင်ခွင့်ရတာက ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ ထူးခြားလေးနက်လှတဲ့ ဂုဏ်ထူးဝိသေသလက္ခဏာတွေ ထုံမွမ်းထားတဲ့ ခမ်းနားလွန်းလှတဲ့ မုခ်ဦးကိုပါပဲ။ တည်ဆောက်မှုလုပ်ငန်းတွေ မပြီးစီးသေးလို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ကလည်း ယာဉ်ရပ်နားရာနေရာမှာ ယာဉ်အဝင်အထွက် အဆင်ပြေစေရေးနဲ့ ဘုရားဖူးပြည်သူတွေ အန္တရာယ်ကင်းရှင်းစေရေး စိတ်အားထက်သန်စွာ ကူညီဆောင်ရွက်ပေးနေပြီး ဘုရားဖူးခရီးသွားတွေရဲ့ ရပ်ထားတဲ့ကား၊ ဆိုင်ကယ်တွေဟာလည်း အကြားအလပ်မရှိ အစီအရီ။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်သူ တစ်ရက်လျှင် ၈၀၀၀၀ ကျော်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူတွေနဲ့ အထူးစည်ကားနေမှုမြင်ကွင်းက အင်တာနက်၊ ဖေ့စ်ဘွတ်၊ သတင်းစာ စာမျက်နှာပေါ်တွေနဲ့ ရုပ်မြင်သံကြားထုတ်လွှင့်တင်ဆက်မှုတွေမှာ အခုတစ်လော ရေပန်းစား ထူးမြတ်လှတဲ့ မြန်မာ့သမိုင်းမော်ကွန်းတစ်ခုလို့ပဲ ဆိုချင်ပါတယ်။

မာရဝိဇယဘုရားကြီးရဲ့ ဉာဏ်တော်အမြင့် ၆၃ ပေနှင့် ပလ္လင်တော်အမြင့်မှာ ၁၈ ပေ စုစုပေါင်း ၈၁ ပေရှိပြီး ဆင်းတုတော်အလေးချိန်က ၁၇၈၂တန်၊ ပလ္လင်တော်အလေးချိန်တန် ၃၅၁၀ စုစုပေါင်း အလေးချိန် ၅၂၉၂ တန်ရှိတယ်လို့လည်း သိရပါတယ်။

ဘူမိဖဿမုဒြာဟန် စကျင်ကျောက်နဲ့ထွင်းထုပူဇော်ထားတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးဟာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော် အတွင်း တည်ထားကိုးကွယ်ထားပြီး မြန်မာနိုင်ငံရှိ စကျင်ကျောက် ရုပ်ပွားတော်တွေအနက် ကမ္ဘာ့အမြင့်ဆုံးနဲ့ အလေးချိန်အများဆုံး ထူးမြတ်လှတဲ့ ရုပ်ပွားတော်တစ်ဆူဖြစ်တယ်လို့ မှတ်သားရပါတယ်။



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ကျောက်စာရုံစေတီတော်များအား သပ္ပာယ်စွာဖူးတွေ့ရစဉ်။

မြန်မာနိုင်ငံမှာ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပနေမှုအား ကမ္ဘာကို ပြသရေး၊ မြန်မာနိုင်ငံမှာ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုရဲ့ ဗဟိုချက်အဖြစ် သာသနာပြန့်ပွားရေးလုပ်ငန်းတွေဆောင်ရွက်ပြီး အဓွန့်ရှည်တည်တံ့စေရေး၊ နိုင်ငံတော်ကြီး သာယာဝပြောပြီး ပြည်သူပြည်သားတွေ လုံခြုံအေးချမ်းစွာနေထိုင်နိုင်စေရေးနဲ့ ကမ္ဘာကြီး ငြိမ်းချမ်းသာယာစေရေးဆိုတဲ့ ကောင်းမွန်တဲ့ စိတ်ဆန္ဒရည်ရွယ်ချက်တွေနဲ့ ရုပ်ပွားတော်မြတ်ကြီးကို တည်ထားသလို နိုင်ငံသူ နိုင်ငံသားတွေနဲ့ ကမ္ဘာသူ ကမ္ဘာသားအားလုံး အေးချမ်းသာယာပါစေလို့ တောင်းဆုပြုခဲ့ပါတယ်။

### မြတ်ဗုဒ္ဓရဲ့အရိပ်အာဝါသ

ဘုရားဖူးဖို့ မုခ်ဦးကို ဝင်လိုက်တာနဲ့ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးအား အဝေးမှ ဖူးတွေ့ခွင့်ရနေပါပြီ။ အချိန်က မွန်းလွဲ ၁ နာရီ၊ ၂ နာရီကြားအချိန်ဆိုတော့ နေအပူရှိန်က တလှပ်လှပ်။ အပြင်က အပူရှိန် ဘယ်လောက်ပြင်းနေပါစေ၊ မြတ်ဗုဒ္ဓရဲ့ အရိပ်အာဝါသအောက်ကို ခိုလှုံရောက်ရှိသွားရင်ပဲ လူတိုင်းရဲ့ စိတ်အစဉ်မှာ အေးမြကြည်လင်သန့်ရှင်းမှုတွေက သူ့အလိုလို ဖြစ်တည်လာပါတယ်။

မုခ်ဦးမှာလည်း ဘုရားဖူးသူတွေက ဝင်ခွင့်ကတ်ထုတ်သူကထုတ်၊ လုံခြုံရေးစစ်ဆေးမှုခံယူသူကခံယူနဲ့ တိုးမပေါက်အောင်စည်ကားများပြားလှတဲ့ ဘုရားဖူးပြည်သူတွေကိုကြည့်ရင်း စိတ်နှလုံးအေးမြမှုတွေနဲ့အတူ ကြည်နူးမိပါတယ်။

အဝင်မုခ်ဦးနားမှာပဲ ရဟန်းသံဃာ၊ သီလရှင်၊ သက်ကြီးဘိုးဘွားနဲ့ မသန်စွမ်း ဘုရားဖူးသူတွေကို ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း အဆင်ပြေအလွယ်တကူ သွားရောက်ဖူးမြော်နိုင်စေရေး မော်တော်ယာဉ်ငယ်လေးတွေနဲ့ မမောနိုင်မပန်းနိုင် ခေါက်တုံ့ခေါက်ပြန် ပြေးဆွဲပို့ဆောင်ပေးနေတဲ့ ယာဉ်ငယ်မောင်းသူတွေဟာ ပီတိကိုစား အားရှိပါ၏အလား၊ ပီတိအပြုံးပန်းတွေဝေလျက်။

မိမိတို့ ဘုရားဖူးအဖွဲ့လည်း ဘုရားဖူးသူတွေရဲ့ အကြားမှာ တရွေ့ရွေ့ ခြေကျင်လျှောက်လာရင်းနဲ့ပဲ ရှေ့အနည်းငယ်အရောက် ဘယ်ဘက်ခြမ်းမှာ မုစလိန္ဒကန်တော်နဲ့ နဂါးရုံဘုရားကို ဖူးတွေ့ရပါတယ်။ ဝိနည်းမဟာဝါပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ ဇာတက အဋ္ဌကထာစတဲ့ ပိဋကတ်တော်လာ အဆိုတွေ၊ မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်တွေနဲ့အညီ မုစလိန္ဒကန်တော်နဲ့ နဂါးရုံဘုရားကို တည်ထားတယ်လို့လည်း သိရပါတယ်။

ရှေ့ကိုဆက်လျှောက်လာရင်းနဲ့ပဲ သုဓမ္မာဇရပ်တွေနဲ့ ရေပန်းကြီး၊ ရေပန်းငယ်လေးတွေကို တင့်တယ်လှစွာတွေ့ရပြီး ညာဘက်ခြမ်းမှာ ဖွေးဖွေးဖြူနေတဲ့ ရွှေရောင်တဝင်းဝင်း ကျောက်စာရုံစေတီတော်တွေ၊ ရှေ့ကို လှမ်းကြည့်လိုက်ရင် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးကို တွေ့ရပါတယ်။

ဘုရားဖူးရာ လမ်းတစ်လျှောက်မှာ မြတ်ဗုဒ္ဓရဲ့ အရိပ်အာဝါသ အေးမြမှု၊ စကျင်ကျောက်ရဲ့ အေးမြမှုတွေကြောင့် ဘုရားဖူးသူတို့ရဲ့ စိတ်နှလုံးကို အေးမြကြည်လင်စေပါတယ်။

မိမိတို့ ဘုရားဖူးအဖွဲ့ဟာ တိမ်ယံကြားက ထူးခြားကြီးမြတ်သပ္ပာယ်လှတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်လိုစိတ်ပြင်းပြနေတာကြောင့် ခပ်မြန်မြန်လေးလျှောက်ရင်း အရင်ဆုံး ဦးခိုက်ကန်တော့ကြပါတယ်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းသံဃာ၊ သီလရှင်၊ ဘုရားဖူးခရီးသွားပြည်သူတွေနဲ့ ဘာသာရေးဝတ်အသင်းအဖွဲ့တွေက ရင်ပြင်တော်အပြည့် သန့်ရှင်းရေးကုသိုလ်ပြုသူကပြု၊ တရား၊ ဓမ္မ ရွတ်ဖတ်ပူဇော်သူတွေနဲ့ အေးမြတဲ့မေတ္တာဓာတ်တွေ ထုံမွမ်းလျက်ရှိနေပါတယ်။

### စိတ်နှလုံးငြိမ်းချမ်းမှုကို ဆောင်ကြဉ်း

၅၅၀ ဇာတ်နိပါတ်တော်နဲ့ ပဋ္ဌာန်းဒေသနာတော်မြတ်အား ရည်စူးပူဇော်ထားတဲ့ ဂန္ဓကုဋိတိုက် ၂၄ ဆောင်တို့မှာလည်း စိတ်အေးချမ်းသာစွာ ဖူးမြော်လေ့လာနိုင်ပြီး သီလရှင်ဆရာလေးတွေရဲ့ ပဋ္ဌာန်းဒေသနာတော်ကို ညီညာဖြိုဖြို သံပြိုင်ရွတ်ပွားပူဇော်သံကလည်း မြင်ရသူ၊ ကြားရသူတို့အဖို့ စိတ်နှလုံးငြိမ်းချမ်းမှုကို ဆောင်ကြဉ်းလို့နေပါတယ်။

တန်ခိုးကြီးဘုရားစေတီ ၃၆ ဆူမှ အောင်မြေတွေကိုယူပြီး ပေါင်းစုပြုလုပ်ထားတဲ့ ဘုရားရင်ပြင်တော် အောင်မြေပေါ်မှာလည်း အဓိဋ္ဌာန်ပြုသူ၊ ပုတီးစိတ်သူတွေအပြင် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ဗောဓိညောင်ပင်၊ လင်းလွန်းပင်နဲ့ လုမ္ဗိနီ အင်ကြင်းပင်တွေရှိရာနေရာတွေမှာလည်း လေ့လာကြည့်ရှုသူတွေနဲ့ မိသားစုလိုက်၊ သူငယ်ချင်းအစုအဖွဲ့အလိုက် အမှတ်တရဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေပါတယ်။

မိမိတို့အဖွဲ့လည်း မာရဝိဇယရုပ်ပွားတော်မြတ်ကြီးရဲ့ မျက်နှာတော်မူရာ ရှေ့မျက်နှာစာမှာ စိုက်ထူပူဇော်ထားတဲ့ ကျောက်စာရုံစေတီတော်တွေရှိရာဆီကို လျှောက်လာခဲ့ပါတယ်။ ကျောက်စာရုံစေတီ စုစုပေါင်း ၇၂၀ တည်ထားကိုးကွယ်ထားပြီး ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာတင်ထားတာကို မြင်တွေ့ရပါတယ်။ ထွင်းထုထားတဲ့ အက္ခရာတွေက ပါဠိအက္ခရာ၊ ရိုမန်ဘာသာတွေနဲ့ ရေးထိုးထားပြီး ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စသင်္ဂါယနာတင် ပိဋကတ် ကျောက်စာရုံများအား အလေးထားစံပြုပြီး တည်ထားထွင်းထုထားပါတယ်။

ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတို့ရဲ့ ဆဋ္ဌသင်္ဂါယနာမူဖြစ်တဲ့ ပိဋကတ်ဓမ္မကျမ်းစာ ကျောက်ချပ်ရေ ၁၄၄၀ နဲ့ ပင်မကျောက်စာစေတီတွင် မော်ကွန်းကျောက်စာလေးချပ် စုစုပေါင်း ကျောက်စာချပ်ရေ ၁၄၄၄ ချပ်ကို ဖူးမြော်ခဲ့ရပါတယ်။

### မော်ကွန်းတင် ကမ္ပည်းကျောက်စာရုံစေတီ

ကျောက်စာရုံစေတီတော်တွေရဲ့ အလယ်ဗဟိုတည့်တည့်မှာ မော်ကွန်းတင်ကမ္ပည်းကျောက်စာရုံစေတီတည်ထားပြီး ကျောက်စာချပ်ကြီး လေးချပ်ရှိကာ ကျောက်စာတစ်ချပ်စီတိုင်းရဲ့ မျက်နှာတစ်ဖက်တစ်ချက်စီမှာ လှူဒါန်းခဲ့မှုအစုစုနဲ့ လှူဒါန်းစီမံဆောင်ရွက်ခဲ့မှုတို့ကို ရေးသားထွင်းထုထားပါတယ်။

သမိုင်းမော်ကွန်းကျောက်စာဟာ အလျား ၂၁ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၂၇ ပေရှိပါတယ်။ အခြားကျောက်စာရုံစေတီတွေကတော့ အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၈ ပေရှိပြီး ကျောက်စာချပ်တွေက အလျား ၄၅ လက်မ၊ အမြင့် ၆ ပေ ၃ လက်မနဲ့ ဒု ၇ ဒသမ ၂ လက်မရှိတယ်လို့ မှတ်သားစေ့ငုံမိပါတယ်။

သုဓမ္မာဇရပ်တွေကို ကျွန်းတိုင်တွေအသုံးပြုပြီး မြန်မာမှု၊ မြန်မာ့ဟန်လက်ရာတွေနဲ့ ရှေးမူမပျက် မွမ်းမံတည်ဆောက်ထားတာကို တွေ့ရပါတယ်။ ဘုရားရင်ပြင်တော်ပေါ်ကို သွားရောက်ဖူးမြော်ရာမှာလည်း သက်သောင့်သက်သာဖူးမြော်နိုင်စေရေး သက်ကြီးဘိုးဘွားတွေ၊ နာမကျန်းသူတွေအတွက် စက်လှေကား ထားရှိပေးထားပါတယ်။

စာမျက်နှာ ၇ သို့ ❂

❁ ကျောက်စာရုံစေတီစုစုပေါင်း ၇၂၀ တည်ထားကိုးကွယ်ထားပြီး ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာတင်ထားတာကို မြင်တွေ့ရပါတယ်။ ထွင်းထုထားတဲ့အက္ခရာတွေက ပါဠိအက္ခရာ၊ ရိုမန်ဘာသာတွေနဲ့ ရေးထိုးထားပြီး ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် မန္တလေးမြို့ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားရှိ ပဉ္စသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြုပြီး တည်ထားထွင်းထုထားပါတယ်

❁ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတို့ရဲ့ ဆဋ္ဌသင်္ဂါယနာမူဖြစ်တဲ့ ပိဋကတ်ဓမ္မကျမ်းစာ ကျောက်ချပ်ရေ ၁၄၄၀ နဲ့ ပင်မကျောက်စာစေတီတွင် မော်ကွန်းကျောက်စာလေးချပ် စုစုပေါင်းကျောက်စာချပ်ရေ ၁၄၄၄ ချပ်ကို ဖူးမြော်ခဲ့ရပါတယ်

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စက်တင်ဘာ ၃ ရက်အထိ အခမဲ့ဖူးမြော်ကြည်ညိုခွင့်ပြုမည်

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဘုရားဖူးလာရောက်ကြသည့် ရဟန်း၊ ရှင်လူပြည်သူများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယ ကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီ အဆူ ၇၂၀ တို့ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြပြီး ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသော ရဟန်း၊ ရှင်လူအများပြည်သူများအား ခုနစ်ရက်သားသမီး အလှူရှင်များကလည်း သက်သတ်လွတ် သီးစုံဒံပေါက်ဘူးများ၊ ရေသန့်ဘူးများဖြင့် အာဟာရဒါနလာရောက်လှူဒါန်း၍ ကုသိုလ်ယူကြသည်။



အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက် ရှိသည်ကို တွေ့ရှိရသဖြင့် ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စက်တင်ဘာ ၃ ရက်အထိ ထပ်မံ၍ ရက်သတ်မှတ်တိုးမြှင့် အခမဲ့ဖူးမြော်ကြည်ညိုခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**









❂ စာမျက်နှာ ၆ မှ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ သဲဖြူကုန်းတော်မြတ်တစ်ခုလုံးကို ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းရန်၊ ပန်းပု၊ ပန်းတမော့၊ ပန်းပွတ်၊ ပန်းချီနဲ့ ပန်းယွန်း စတဲ့ မြန်မာမှုလက်ရာတွေနဲ့ ပူဇော်ထားရာ မြန်မာ့အလှအနုပညာရပ်တွေကို တစုတစည်းတည်း လေ့လာနိုင်ပါသေးတယ်။

ရတနာပုံခေတ် မြန်မာ့ဟန်၊ မြန်မာ့မာန်တွေနဲ့ ထုံမွမ်းထားတဲ့ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်တွေဟာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့အတူ ကမ္ဘာတည်သရွေ့ ထွန်းလင်းတောက်ပနေမှာ ဧကန်မလွဲပင်။

ဗုဒ္ဓဥယျာဉ်တော်ကို လာရောက်ကြတဲ့ ဘုရားဖူးလာပြည်သူတွေ သုံးဆောင်နိုင်စေရေး နေ့စဉ်မပြတ် သက်သတ်လွတ် သီးစုံဒံပေါက်တွေကို ခုနစ်ရက်သားသမီးတွေရဲ့ စုပေါင်းလှူဒါန်းမှုနဲ့ စတုဒိသာ ကျွေးမွေးနေမှုမြင်ကွင်းဟာ မြန်မာတို့ရဲ့ စေတနာသဒ္ဓါတရားထက်သန်မှုကို ဖော်ညွှန်းနေပါတယ်။ အလှူခံဌာနမှာလည်း ကုသိုလ်အရေး လက်မနှေးကြတဲ့မြန်မာတို့ရဲ့ ချစ်စဖွယ်စိတ်ရင်းစေတနာအရင်းခံနဲ့ သဒ္ဓါတရားနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနေသူနဲ့ သာဓုအနုမောဒနာ အကြိမ်ကြိမ် ခေါ်ဆိုသူတွေရဲ့ စိတ်ချမ်းမြေ့ပီတိဖြစ်စရာ မြင်ကွင်းတစ်ခုကိုလည်း တွေ့မြင်ရပါတယ်။

### သဒ္ဓါဓိပတိခေါင်းလောင်းတော်ကြီး

ရင်ပြင်တော်ပေါ်ရှိ သဒ္ဓါဓိပတိခေါင်းလောင်းတော်ကြီးမှာလည်း ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ဝသုန္ဓရေ ဤမြေပံသု သီလာထုကို သက်သေတည်ကာ ခေါင်းလောင်းထိုး ကုသိုလ်ပြုသူတွေရဲ့ မျက်နှာထက်မှာ ပီတိအပြုံးတွေဝေလို့နေပါတယ်။ သဒ္ဓါဓိပတိခေါင်းလောင်းတော်ကြီးရဲ့ အသံကို ကမ္ဘာတည်သရွေ့ တည်တံ့စေသား၊ ကြားရပါစေသား။

မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား ရာသီဥတုနဲ့ အခြားသဘာဝဘေးဒဏ်ခံနိုင်ရည်ရှိစေရေး Steel Rebars တွေ ထည့်သွင်းပြီး သမားရိုးကျနည်းလမ်းတွေ၊ ခေတ်မီနည်းလမ်းတွေနဲ့ Composite နည်းပညာတွေပေါင်းစပ်ကာ တည်ထားကိုးကွယ်ထားပါတယ်။ ဒါ့အပြင် နိုင်ငံတစ်ဝန်းရှိ မြန်မာတို့ရဲ့ ယဉ်ကျေးမှု အနုသုခုမလက်ရာတွေ အစဉ်တည်တံ့နေစေရေး ထိန်းသိမ်းစောင့်ရှောက်ကာ တန်ခိုးကြီးဘုရားစေတီပုထိုးတွေ၊ သာသနိကအဆောက်အအုံတွေကို သဘာဝဘေးဒဏ်နဲ့ လူတို့ရဲ့ ပယောဂကြောင့် ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်ရေးအတွက် နိုင်ငံသားတစ်ဦးချင်း တစ်ယောက်ချင်းစီတိုင်းက မိမိတို့ ပိုင်ဆိုင်သမျှ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ကမ္ဘာတည်သရွေ့ ကြာရှည်စေလိုတဲ့ စိတ်ရင်းစေတနာနဲ့ ထိန်းသိမ်းစောင့်ရှောက်သွားကြရမှာဖြစ်ပါတယ်။

သာသနာ့မှတ်တိုင်စိုက်ထူနိုင်ခဲ့တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ရဲ့ ဓမ္မအမွေအဖြစ်ပေးအပ်နိုင်ခဲ့ပြီဖြစ်တာကြောင့် နောင်လာနောက်သားတွေအနေနဲ့ တန်းဖိုးမဖြတ်နိုင်တဲ့ ဓမ္မအမွေကို သက်ဝင်ယုံကြည်စွာ ဆည်းကပ်ပူဇော် လက်ဆင့်ကမ်းထိန်းသိမ်းပြီး ဗုဒ္ဓသာသနာ ကမ္ဘာတည်သရွေ့ နေလို၊ လလို ထွန်းလင်းစေရေး ကမ္ပည်းမော်ကွန်းတည်ပါစေသော်ဝ်။ ။

■

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ကိုယ်တိုင်လက်တွေ့ ဖူးမြော်လိုက်ရတဲ့အချိန်မှာ ရင်ထဲမှာရော၊ စိတ်ထဲမှာပါ အေးချမ်းသွားရပါတယ်။ ပြီးတော့ ဗိသုကာလက်ရာတွေလည်း ပြောမပြတတ်အောင် ပြောင်မြောက်နေတာ တွေ့ရပါတယ်

ဦးကိုကြီး

တွေ့ဆုံမေးမြန်း
အလင်းသစ်၊ သန်းတင်အောင်
ဓာတ်ပုံ - နေမျိုး

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသော ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၁၈ ရက်တွင်လည်း လာရောက်ဖူးမြော်သည့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်သို့ လာရောက်ဖူးမြော်သူများအနက်မှ တချို့အား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ရပါသည်။


ဦးထွန်းနိုင်


ဒေါ်မွန်မွန်မြင့်


နော်ဆွိတီဖော


ဦးကိုကြီး


ဒေါ်ခင်ခင်ချို


ဒေါ်အမာရီ


မသီသီသင်း

**ဦးထွန်းနိုင်(ဆွာမြို့)**

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဆွာမြို့ကပါ။ မိသားစုတွေအပါအဝင် အိမ်နီးချင်းတွေကို ကုသိုလ်ဖြစ်လိုက်ပို့ပေးတာပါ။ ကျွန်တော်တို့လာဖူးတာ ၂၃ ယောက်ပါ။ ဒီဘုရားကြီးကို အရင်ဆုံး အွန်လိုင်းပေါ်မှာ ဖူးမြော်ရတယ်။ ဘုရားကြီးက တအားလည်း သပ္ပာယ်တယ်။ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူတွေလည်း အများကြီးလာရောက်ဖူးမြော်ကြတယ်။ ဒီကိုရောက်တော့ ဘုရားကြီးကို ဖူးမြော်လိုက်တဲ့အခါ တကယ်လည်း သပ္ပာယ်ပါတယ်။ ရင်ထဲလည်း အေးချမ်းသွားပါတယ်။ အဲဒီတော့ ကြည်နူးရတာပေါ့။ ဒီတော့ လိုက်ပို့ပေးရကျိုးလည်း နပ်တယ်ပြောရမယ်။ သူတို့တွေလည်း ပျော်ရွှင်မယ်၊ အေးချမ်းမယ်၊ ကြည်နူးပီတိဖြစ်ကြမယ်လို့ထင်ပါတယ်။ ဂန္ဓကုဋိတိုက်တွေထဲမှာ ရေးဆွဲထားတဲ့ ဗုဒ္ဓဝင်ဇာတ်တော်တွေနဲ့ ပတ်သက်တဲ့ ပန်းချီကားတွေကို ဖတ်ရှုလေ့လာကြည့်ရတာ အတော်စိတ်ဝင်စားဖို့ကောင်းပါတယ်။ အဲဒီလိုလိုက်ဖတ်ကြည့်လိုက်တော့ စိတ်ထဲမှာ ပီတိဖြစ်တယ်၊ သံဝေဂတွေလည်းရတဲ့ သဘောမျိုး ခံစားရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့က ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့အတွက် ဘုရားရဲ့ အရိပ်အာဝါသကို ခိုလှုံခွင့်ရတာနဲ့ စိတ်အေးချမ်းမှုရကြပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်ပူဇော်ကိုးကွယ်တည်ဆောက်ပေးကြတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့လည်း ဒီလိုတည်ထားဖို့ဆိုတာ ကျွန်တော်တို့လို သာမန်လူတွေ လုပ်ဖို့မလွယ်ပါဘူး။ ခုတော့ ဒီလိုကြီးကျယ်ခမ်းနားတဲ့ ကမ္ဘာပေါ်မှာ အကြီးဆုံး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းသာပီတိ ဖြစ်ရပါတယ်။ အခြားနေရာတွေကိုတော့ မရောက်သေးဘူး။ တစ်နေကုန် လေ့လာဖူးမြော်ပြီး ညပိုင်းမှပြန်မှာပါ။

**ဒေါ်မွန်မွန်မြင့်(နေပြည်တော်)**

ကျွန်မကတော့ အထက(၆) နေပြည်တော်က Grade-10 မှာ အင်္ဂလိပ်စာသင်ပြနေတဲ့ ဆရာမပါ။ ဘုရားကြီးက ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံးဖြစ်တယ်။ သဘာဝ စကျင်ကျောက်သားစစ်စစ်ကို ခေတ်မီစက်ကိရိယာတွေ အသုံးပြုပြီး ထုဆစ်ထားတယ်ဆိုတာကို ကျောင်းသား ကျောင်းသူတွေ ဗဟုသုတရရှိအောင်နဲ့ ဖူးမြော်ကြည်ညိုနိုင်အောင် လာရောက်ပို့ဆောင်ပေးခြင်း ဖြစ်ပါတယ်။ ဘုရားကြီးကို ဖူးမြော်ရတာလည်း ကြည်ညိုစရာ ကောင်းတယ်။ ဘုရားကြီးက တန်ခိုးလည်းကြီးတယ်။ မျက်နှာတော်ကို ဖူးခွင့်ရတာနဲ့ပဲ ဝမ်းသာပီတိ ကျေနပ်မိပါတယ်။ ပြီးတော့လည်း အသိပညာ၊ ဗဟုသုတတွေ ကြွယ်ဝစေဖို့ ကျောင်းသား ကျောင်းသူတွေကို နောက်ထပ်ပို့ဖို့ အစီအစဉ်ရှိပါသေးတယ်။

**နော်ဆွိတီဖော(တောင်ငူမြို့)**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ကြည်ညိုစရာကောင်းပါတယ်။ ပြီးတော့ သူငယ်ချင်းတွေနဲ့ လာတာဆိုတော့ ပျော်လည်းပျော်ရွှင်မိပါတယ်။ ဘုရားကြီးက စကျင်ကျောက်သားနဲ့ ထုဆစ်ပူဇော်ထားတာရယ်၊ ဘုရားကြီးပရိဝုဏ်တစ်ခုလုံး စကျင်ကျောက်ပြားတွေ ခင်းထားတာတွေက အမြင်သစ်နဲ့ ထူးခြားမှုကိုဖြစ်ပေါ်စေပါတယ်။ ဒီမှာက အေးချမ်းတယ်၊ သာယာတယ်၊ ကြည်နူးစရာအပေါင်းနဲ့ ပြည့်နှက်နေပါတယ်။ ဘုရားကြီးကို ဖူးမြော်လိုက်ရတဲ့အချိန်မှာလည်း အလုပ်မှာ ပင်ပန်းနွမ်းနယ်မှုတွေနဲ့ လမ်းခရီးမှာ ပင်ပန်းလာမှုတွေကို ပြေပျောက်သွားတယ်လို့ ခံစားမိပါတယ်။ အခုကတော့ သူငယ်ချင်းတွေနဲ့ လာရောက် ဖူးမြော်တာပါ။ နောက်တစ်ခေါက်ဆိုရင် မိသားစုနဲ့အတူ လာရောက်ဖူးပါဦးမယ်။

**ဦးကိုကြီး(လားရှိုးမြို့)**

ကျွန်တော်ကတော့ လားရှိုးမြို့ကပါ။ သူများတွေပြောတာရယ်၊ သတင်းစာတွေ ဖတ်ရတာရယ်ကြောင့် ဖူးမြော်ချင်လို့ ဒီကိုသီးသန့် လာရောက် ဖူးမြော်တာပါ။ နေပြည်တော်ကို ပြီးခဲ့တဲ့တစ်ရက် ကျော်လောက် ကတည်းက ရောက်တာပါ။ ရောက်ရောက်ချင်း လာဖူးတော့ ညပိုင်းရောက်နေတာရယ်၊ ဘုရားဖူးပရိသတ်တွေက ကြိတ်ကြိတ်တိုးဖြစ်နေတာနဲ့ ဒီနေ့ ထပ်ပြီး လာရောက်ဖူးမြော်တာပါ။ ဒီမှာတော့ အမျိုးတွေအိမ်မှာပဲ တည်းပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ကိုယ်တိုင်လက်တွေ့ ဖူးမြော်လိုက်ရတဲ့အချိန်မှာ ရင်ထဲမှာရော၊ စိတ်ထဲမှာပါ အေးချမ်းသွားရပါတယ်။ ပြီးတော့ ဗိသုကာလက်ရာတွေလည်း ပြောမပြတတ်အောင် ပြောင်မြောက်နေတာ တွေ့ရပါတယ်။ ဒီဘုရားကြီးက ကျွန်တော်တို့နိုင်ငံမှာ အထင်ကရဘုရားကြီးတစ်ဆူဖြစ်သလို မြန်မာနိုင်ငံသာမက ကမ္ဘာမှာတောင် အကြီးဆုံး ရုပ်ပွားတော်မြတ်ကြီးဆိုတော့ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ အားရတယ်၊ ကျေနပ်တယ်၊ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဗုဒ္ဓနွယ်ဝင် သူတော်စင်အပေါင်းနဲ့ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ဒီဘုရားကြီးကိုလာရောက်ဖူးမြော်ကြဖို့ တိုက်တွန်းနှိုးဆော်ပါတယ်။

**ဒေါ်ခင်ခင်ချို(မင်္ဂလာဒုံမြို့နယ်)**

ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ကပါ။ ဒီဘုရားကြီးက သပ္ပာယ်ပြီး ကြည်ညိုစရာကောင်းတာကြောင့် လာရောက် ဖူးမြော်တာပါ။ ဘုရားကြီး စတည်ကတည်းက ဖူးချင်စိတ်ဖြစ်မိတာပါ။ ဖူးချင်နေတာတော့ ကြာနေပြီပြောရမယ်။ အခုမှပဲ ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်နိုင်တော့တယ်။ ဘုရားကြီးကို ဖူးမြော်လိုက်ရတဲ့ အချိန်မှာလည်း စိတ်ကိုချမ်းသာနေတာပဲ။ ပြောရမယ်ဆိုရင် ရင်ထဲမှာရှိတဲ့ သောကမီးတွေတောင် ပြေပျောက်သွားတယ်လို့ ထင်ပါတယ်။ ဗုဒ္ဓဝင်ဇာတ်တော်တွေ ရေးဆွဲထားတဲ့ ပန်းချီကားတွေဆိုရင် လေ့လာစရာ၊ မှတ်သားစရာ၊ အတုယူစရာတွေ အများကြီးပါပဲ။ ဘုရားကြီး စတည်ကတည်းက ခုချိန်ထိဘုရားကြီးရဲ့သမိုင်းကြောင်းတွေ၊ အဆင့်ဆင့် သယ်ဆောင်လာတာတွေနဲ့ စည်ကားများပြားတာတွေကို ရုပ်မြင်သံကြား၊ သတင်းစာ၊ အွန်လိုင်းပေါ်မှာ ကြည့်ရှု၊ ဖတ်ရှု၊ တွေ့မြင်ရတာနဲ့ပဲ ဝမ်းသာလို့မဆုံး၊ ကြည်နူးလို့မဆုံး ဖြစ်နေရတာပါ။ အခုလို ကိုယ်တိုင် လာရောက်ဖူးမြော်လိုက်ရတော့ ပြောမပြတတ်အောင် ကြည်ညိုသဒ္ဓါစိတ်တွေ ဖြစ်မိပါတယ်။

**ဒေါ်အမာရီ(မြိတ်မြို့)**

ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ကပါ။ ဘုရားကြီးကိုလာရောက်ဖူးမြော်ရတဲ့အတွက် ဝမ်းသာ ကြည်နူးမိပါတယ်။ ပြီးတော့ လောကကြီးက အေးချမ်းသွားတယ်လို့ ခံစားရပါတယ်။ ကြည်နူးပီတိ ဖြစ်စရာကတော့ ဘုရားကြီးပရိဝုဏ် အဝင်မုခ်ဦးရောက်ကတည်းကပါ။ အထဲကို ဝင်လာလိုက်တော့ စိမ်းစိုလှပနေတဲ့ ရှုခင်းတွေ၊ ပြီးတော့ ဘုရားကြီး၊ မုစလိန္ဒကန်နဲ့ နဂါးရုံစေတီ၊ နောက်တော့ သုဓမ္မာဇရပ်တွေ၊ ကျောက်စာရုံစေတီတွေကို အဝေးကနေ လှမ်းမျှော်ဖူးမြော်လို့ရနေကတည်းက စိတ်ကို အင်မတန်မှ ကြည်နူးစေပါတယ်။ အခုတော့ ဘုရားပဲ ဖူးရပါသေးတယ်။

**မသီသီသင်း(နေပြည်တော်)**

ကျွန်မကတော့ အထက(၆) နေပြည်တော် Grade-10 က ကျောင်းသူပါ။ ဘုရားကြီးကို ဖူးမြော်ခွင့်ရဖို့အတွက် လိုက်ပို့ပေးတဲ့ ကျောင်းအုပ်ကြီးနဲ့တကွ ဆရာ ဆရာမအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ အများသူငါ ဖူးမြော်နိုင်အောင် ဘုရားကြီးကို ကိုးကွယ် တည်ထားပေးကြတဲ့ ဦးဆောင်ဦးရွက် ဆောင်ရွက်ပေးသူတွေ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ အခုဆိုရင် ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့အလယ်မှာပါ ကြီးကျယ်ခမ်းနားစွာနဲ့ တွေ့မြင်နိုင်ပါတယ်။ ပြီးတော့ ဗုဒ္ဓဝင်ဇာတ်တော်တွေကို ရေးဆွဲပုံဖော်ထားတဲ့ ပန်းချီကားချပ်တွေကလည်း ကျွန်မတို့ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်တွေအတွက် မှတ်သားဖွယ်ရာ အင်မတန်မှ ကောင်းပါတယ်။ ဆရာ ဆရာမတွေ၊ သူငယ်ချင်းတွေနဲ့ လာရတာဆိုတော့ ပျော်ရွှင်ရတယ်။ မြန်မာနိုင်ငံမှာ ထင်ရှားကျော်ကြားတဲ့ ဘုရားစေတီ ပုထိုးတွေ အများကြီးရှိသလို ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကလည်း ဗုဒ္ဓဘာသာဝင်တိုင်း ဖူးမြော်သင့်တဲ့ ဘုရားကြီးတစ်ဆူ ဖြစ်ပါတယ်။

## မရမ်းကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

မရမ်းကုန်း ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ စာရင်းစစ်အဖွဲ့သစ်များ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်သမဝါယမအသင်းစုရုံးခန်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများကို ဒါရိုက်တာအဖွဲ့က ဖတ်ကြားရှင်းလင်းအတည်ပြုချက်ရယူခဲ့ပြီး အသင်းဝင် အခြေခံသမဝါယမအသင်း ၄၇ သင်းသို့ အစုပေါ်အမြတ်ငွေကျပ် ၁၄၁၀၀၀၀ ကို တိုင်းဒေသကြီးဦးစီးမှူးက အသင်းဝင် ကိုယ်စားလှယ်တစ်ဦးအား ပေးအပ်သည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် စာရင်းစစ်များ ရွေးချယ်တင်မြှောက်ပွဲကို တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရေးကော်မတီမှ ဦးဆောင်၍ ဒါရိုက်တာအဖွဲ့ဝင် ခုနစ်ဦးနှင့် အသင်းစာရင်းစစ်အဖွဲ့ဝင် နှစ်ဦးတို့ကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တရုတ်မီဒီယာများနှင့် တွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၈

(၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ကုန်စည်ပြပွဲနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် Green Lake Hotel ၌ China Media Group နှင့် Phoenix ရုပ်သံဌာနတို့အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးသည် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ တတိယနေ့တွင် မြန်မာပြခန်းများ၌ ဝယ်ယူသူများဖြင့် စည်ကား

နေပြည်တော် ဩဂုတ် ၁၈

(၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ တတိယနေ့ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Dianchi International Convention and Exhibition Center ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပြခန်းဆောင်၌ ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြပြီး လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။




GMS ဖိုရမ်သို့ တက်ရောက်ရန် ကူမင်းမြို့၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးများ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ ပြခန်းဆောင်နှင့် မြန်မာနိုင်ငံမှ ပါဝင်ပြသလျက်ရှိသည့် ပြခန်းများကို လာရောက်ကြည့်ရှုအားပေးကြသည်။

ထို့ပြင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်အဖွဲ့ ရှစ်ဖွဲ့သည် စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး သယ်ယူပို့ဆောင်ရေး(Logistics)၊ သစ်တောထွက်ကုန်များ၊ နှစ်နိုင်ငံအကြား ကုန်ပစ္စည်းတင်ပို့တင်သွင်းနိုင်မည့် အခြေအနေများကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများကို ဝယ်ယူတင်သွင်းရာတွင် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သော သတင်းအချက်အလက်များကို အလွယ်တကူ ရှာဖွေရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ၌ Online Platform များ တည်ထောင်ထားမှုအခြေအနေနှင့်ပတ်သက်၍ တရုတ်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ကုန်စည်ပြပွဲ တတိယနေ့တွင် မြန်မာပြခန်းများ၌ ဝယ်ယူသူများဖြင့် စည်ကားခဲ့ပြီး ကုန်စည်ပြပွဲကို ဩဂုတ် ၂၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၅) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၅) သင်တန်းဆင်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုပြီး ဆက်လက်၍ ပါမောက္ခချုပ်ကို အလေးပြုကြသည်။

ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားအမှတ်-၄၇၁ ဦးကောင်းထက် စာရေးဝန်ထမ်းအဆင့်(၁) လှည်းကူးမြို့နယ်တရားရုံး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို သင်တန်းသားစံပြဆုကိုလည်းကောင်း၊ သင်တန်းသူအမှတ်-၁၈၄ ဒေါ်သင်းနန္ဒာဆွေ အငယ်တန်းစာရေး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာနကို သင်တန်းသူစံပြဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ချီးမြှင့်ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၂၀၀၊ သင်တန်းသူ ၂၈၉ ဦး စုစုပေါင်း ၄၈၉ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇွန် ၁၂ ရက်မှ ဩဂုတ် ၁၈ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်





**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

## သုံးပါးရတနာနှင့် ဗုဒ္ဓဥယျာဉ်သာ

သုံးပါးရတနာ
လူနတ်နှင့်ပြဟ္မာရှာ
နဂါးရှာ ဂဠုန်ရပ်
သိမှတ်ရတနာ၊
အရပ်ရပ်မယှဉ်သာ
ရတနာမြတ်သုံးပါး
မြတ်ထက်မြတ် လွန်ထင်ရှား
ဖူးကြစို့လား။
ဘုရားရတနာ
မဟိမာဘုန်းတော်မြတ်
ရည်မှတ်လို့ ရှိကော်ရော်
ရုပ်ပွားတော် "မာရဝိဇယ"
ဦးချပူဇော်၊
ပမာဏကြီးမြတ်ဉာဏ်တော်
ကမ္ဘာပေါ်တူမရှိ၊
ဖူးမြော်ရန် လာပါဘိ
နေပြည်တော်ညာကြေသိ
ဒက္ခိဏသီရိ။
တရားရတနာ
ကုသိုလ်တော်ပမာထပ်
ပိဋကတ်ကျောက်စာရုံ
စေတီပုံရတနာတစ်ပါး
ဝပ်တွားကြည်ယုံ၊
ဦးတင်သလက်ကြာငုံ
အစုံစုံဖူးမဝ
ရေတွက်ခါဦးနှိမ်ချ
ခွန်နှစ်သုည။
သံဃာရတနာ
မြတ်နိုးဖွယ် စဉ်ထာဝရ
စောင့်ရှောက်ရ စဉ်မကွာ
ကျောင်းတော်သာ "မာရဝိဇယ"
ထိကရမြင်သာ၊
သီတင်းသုံး ထေရ်သံဃာ
ဖူးစရာရတနာတစ်ပါး၊
ဥယျာဉ်သာမှာထင်ရှား
ဦးချဝပ်တွား။
ဗုဒ္ဓဥယျာဉ်သာ
ဂန္ဓကုဋိ ဇရပ် သိမ်ကျောင်း
ခေါင်းလောင်းနှင့် ဗောဓိပင်
လင်းလွန်းပင် အင်ကြင်းတော
သာမောစုံလင်၊
မုစလိန္ဒကန်ကြည်လင်
ရှိဦးတင် နဂါးရုံဘုရား
တံခွန်တိုင် မြင့်မြင့်မား
ကူးကြမယ် မင်္ဂလာတံတား
ဂြိုဟ်နံပြေ စုံဘုရား
ရေသပ္ပာယ် သဒ္ဒါပွား
ဖူးကြအများ။

ကျော်စောဟန်

# သမဝါယမအသင်းသား တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း သမဝါယမစနစ်ဖြင့် ဆောင်ရွက်သည့် မိုးစပါးဧက ၁၀၀၀၀ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် မဒန်းဆည်ရေသောက်ဧရိယာအတွင်း မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် သမဝါယမအသင်းများမှ အသင်းအမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက မဒန်းဆည်ရေသောက်ဧရိယာအတွက် ရေဖြန့်ဝေပေးနေမှုနှင့် သမဝါယမအသင်းများ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထောက်ပံ့လျက်ရှိပြီး မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းအတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှင့်ညီမျှသော မျိုး၊ သွင်းအားစု၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် လိုအပ်သည့် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်း၊ စနစ်တကျ လယ်ယာမြေများဖော်ထုတ်ခြင်းနှင့် နည်းပညာအကူအညီများ ဆောင်ရွက်ပေးပြီးဖြစ်၍ တောင်သူများအနေဖြင့် မိမိတို့ စိုက်ပျိုးမြေများပေါ်တွင် အမှန်တကယ် စိုက်ပျိုးကြရန် တိုက်တွန်းပြောကြားပြီး သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ပေါက်တောကျေးရွာ အုန်းတောကျောင်းတိုက်၌ အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်ပို့ချနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းအောင်မြင်ပြီးသူများအနက် အမှန်တကယ် လုပ်ငန်းထူထောင်ဆောင်ရွက်မည့်သူငါးဦးကို ရွေးချယ်ကာ တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသော ခြေနင်းအပ်ချုပ်စက်၊ ခားစက်၊ ဘီတင်စက်နှင့် ထုပ်သီးရိုက်စက် တစ်လုံးစီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ထူးချွန်သင်တန်းသားငါးဦးကိုလည်း တစ်ဦးလျှင် မီးပူတစ်လုံးစီနှင့် စားပွဲခုံတစ်လုံးစီ ထောက်ပံ့ပေးသွားမည်ဖြစ်သဖြင့် သင်တန်းသူများအနေဖြင့် မိမိတို့ဘဝတိုးတက်ရေးအတွက် ကြိုးစားလေ့လာ သင်ယူကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာသို့ ရောက်ရှိကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့် ဝက်မွေးမြူရေးအစုအဖွဲ့လေးဖွဲ့မှ DYL ဝက် ၅၇ ကောင်နှင့် ဆိတ် ၅၅ ကောင် မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး ယခုကျေးရွာသည် ဆည်ရေသောက်ဧရိယာ ဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို နှစ်သီးမှ သုံးသီးတိုးချဲ့စိုက်ပျိုးကြရန်၊ အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးကြရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် မိသားစုဝင်ငွေ တိုးပွားရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဝက်မွေးမြူသူများအနေဖြင့် ဝက်ရောဂါများ မကျရောက်စေရေး ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က ကူညီဆောင်ရွက်ပေးရန် မှာကြားကာ ကျေးရွာသူ ကျေးရွာသားများ၏ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဆိုင်ရာသိကောင်းစရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ ကျန်းမာရေးဆိုင်ရာအသိပညာ၊ ဗဟုသုတများ တိုးပွားရရှိပြီး ကျန်းမာကြံ့ခိုင်စွာဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်စေရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းစီစဉ်သည့် ကျန်းမာရေးအသိပညာပေး အစီအစဉ်အရ ဆီးချိုသွေးချို၊ သွေးတိုးရောဂါနှင့် ကူးစက်ရောဂါဆိုင်ရာ ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဟောပြောပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီး၊ ကုသရေးဦးစီးဌာန၊ သွားကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဟောပြောပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ကျန်းမာရေးသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလွန်အရေးပါပြီး ကျန်းမာမှသာ အသိပညာ၊ အတတ်ပညာများ လေ့လာသင်ယူနိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများတိုးပွားရရှိစေရန်၊ ကြိုတင်ကာကွယ်ဆောင်ရွက်သင့်သည်များကို သိရှိစေရန်နှင့် လုပ်ငန်းများကို ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ယနေ့ဟောပြောပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာရဲမြင့်က "ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါအကြောင်း သိကောင်းစရာ"ကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက "ကူးစက်ရောဂါအကြောင်း သိကောင်းစရာ" ကိုလည်းကောင်း၊ မကူးစက်နိုင်သော ရောဂါများနှင့် ကူးစက်ရောဂါများ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ရောဂါဝေဒနာခံစားနေရသူများအနေဖြင့် သတိပြုဆင်ခြင်ရမည့်အချက်များကို ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားကြသည်။

အလားတူ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး(သွားကျန်းမာရေး) ဦးဆောင်သောအဖွဲ့က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဆေးပေးခန်း၌ ဝန်ထမ်းများကို သွားနှင့်ခံတွင်းရောဂါများ စစ်ဆေးကုသပေးခြင်း၊ ဆီးချို သွေးချို စစ်ဆေးပေးခြင်းနှင့် မေတ္တာဥယျာဉ် နေ့ကလေးထိန်းကျောင်းမှ ရင်သွေးငယ်များအား သွားတိုက်နည်းစနစ် သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိငှက်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခဲ့ရာ လူငယ်သင်တန်းကျောင်း၌ လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသော လူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင်ဆောင်ရွက်ပေးနေမှုနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ လူငယ်များကို စာရိတ္တပြုပြင်၍ စိတ်ပိုင်း၊ ရုပ်ပိုင်းဖွံ့ဖြိုးတိုးတက်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလိုဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း ကျင်းပသည်။

အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ဦးအေးထွန်းနှင့် ဒေါ်နုမြဲ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၁၇ ဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၂၄၀ တက်ရောက်ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြသည်။

ယင်းမဲပေးစက်ကို အမေရိကန်ပြည်ထောင်စု၊ ဘယ်လ်ဂျီယံ၊ ဘရာဇီး၊ ပြင်သစ်၊ အာဂျင်တီးနား၊ အိန္ဒိယ၊ ဗင်နီဇွဲလား စသည့် ကမ္ဘာ့နိုင်ငံပေါင်း ၃၄ နိုင်ငံတို့တွင် အသုံးပြုလျက်ရှိသော မဲပေးစက်ဒီဇိုင်းပုံစံများ၊ မဲပေးစက်များနှင့် မဲပေးခြင်းစနစ်များကို လေ့လာ၍ တီထွင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မဲပေးစက်အသုံးပြု၍ မဲပေးရာတွင် မဲဆန္ဒရှင်ပြည်သူများအတွက် ပိုမိုရှင်းလင်းလွယ်ကူပြီး မဲရလဒ်များကိုလည်း တိကျမှန်ကန်စွာဖြင့် မြန်ဆန်စွာရေတွက်နိုင်မည်ဖြစ်သည်။ စက်ဖြင့်မဲပေးခြင်းဖြင့် မဲလက်မှတ်များ ရိုက်နှိပ်ဖြန့်ဝေဆောင်ရွက်ရာတွင် ဖြစ်ပေါ်ခဲ့ရသော မဲမသမာမှုများ မဖြစ်ပေါ်နိုင်သည့်အပြင် ပယ်မဲများမရှိတော့သည့်အတွက် မဲဆန္ဒရှင်များ၏မဲများ ပယ်မဲကြောင့် အဟောသိကံဖြစ်ခဲ့ရခြင်းလည်း မရှိနိုင်တော့သည့်အပြင် မဲလက်မှတ်ရိုက်နှိပ်မှုစရိတ်နှင့် မဲရုံသုံးပစ္စည်းဝယ်ယူမှုစရိတ်များ လျှော့ချနိုင်မည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန်နှင့် အရည်အသွေး၊ အကျိုးအာနိသင်ထိရောက်မှုရှိစေရန် ဆေးဝါးမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်းလုပ်ငန်းများကို စနစ်တကျ စိစစ်ဆောင်ရွက်လျက်ရှိပါသဖြင့် Myanmar FDA Registration အမှတ်ပါရှိသောဆေးဝါးများကိုသာ သုံးစွဲကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (မြန်မာ)၏ အကြောင်းကြားချက်အရ Moderna Co. မှ **အတုဟု** အတည်ပြုထားသည့် Moderna COVID–19 Bivalent Original & Omicron BA.4/BA.5 (Lot No. AS7185B နှင့် Lot No. AS7144B) ကာကွယ်ဆေးအတုများကို အချို့ဆေးခန်းများနှင့် Online Clinic များတွင် Online Facebook Page များမှတစ်ဆင့် ရောင်းချထိုးနှံနေကြောင်း သိရှိရပါသည်။ Moderna Co. အနေဖြင့် မြန်မာနိုင်ငံသို့ ရောင်းချခြင်းနှင့် လှူဒါန်းခြင်းမရှိပါကြောင်း ဖော်ပြပါရှိပါသည်။

အများပြည်သူအနေဖြင့် အဆိုပါ တရားမဝင်ကာကွယ်ဆေးအတုများကို သိရှိနိုင်စေရန်နှင့် တရားမဝင်ကာကွယ်ဆေးထိုးနေသည့် ဆေးခန်း၊ Online Facebook များ၏ ကာကွယ်ဆေးထိုးနှံပေးနေခြင်းများကို ရှောင်ရှားနိုင်စေရန်အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ထိုးနှံပေးလျက်ရှိသော ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးအာနိသင် ထိရောက်မှုရှိသော အသိအမှတ်ပြုကာကွယ်ဆေးများကို ထိုးနှံကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

Moderna COVID–19 Bivalent Original and Omicron BA.4/BA.5

| Falsified Lot AS7185B | Falsified Lot AS7144B |
|---|---|
|  |  |
|  | |

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားခွဲရုံများ တည်ဆောက်/မောင်းနှင်/ထိန်းသိမ်းပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၃/၂၀၂၃)နှင့် အင်ဂျင်နီယာများစီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၃/၂၀၂၃) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားခွဲရုံများ တည်ဆောက်/မောင်းနှင်/ထိန်းသိမ်းပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၃/၂၀၂၃)နှင့် အင်ဂျင်နီယာများစီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၃/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ကဏ္ဍသည် အဓိကအခန်းကဏ္ဍ၌ ပါဝင်လျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့သင်ယူလေ့လာခဲ့သည့် စာတွေ့/လက်တွေ့သင်ခန်းစာများကို အချင်းချင်းနှီးနှောတိုင်ပင်ဆွေးနွေးပြီး နည်းပညာအသစ်များကို စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းအားထုတ်၍ လုပ်ငန်းခွင်များတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်သွားကြရန်နှင့် လျှပ်စစ်အင်ဂျင်နီယာကောင်းများအဖြစ် ဌာနအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးတို့ကို စိတ်ကောင်းစေတနာအပြည့်ဖြင့် စွမ်းစွမ်းတမံ ကြိုးစားအားထုတ် ဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားခွဲရုံများ တည်ဆောက်/မောင်းနှင်/ထိန်းသိမ်းပြုပြင်ခြင်းသင်တန်းအမှတ်စဉ်(၃/၂၀၂၃)တွင် ထူးချွန်ဆုရရှိသူ သင်တန်းသားများအား လည်းကောင်း၊ ဒုတိယဝန်ကြီးက အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၃/ ၂၀၂၃)တွင် ထူးချွန်ဆုရရှိသူ သင်တန်းသားများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများထံပေးအပ်ကြသည်။

အဆိုပါ သင်တန်းများတွင် သင်တန်းသား သင်တန်းသူများကို လျှပ်စစ်ဓာတ်အားထုတ်လုပ်/ပို့လွှတ်/ဖြန့်ဖြူးမှုလုပ်ငန်းများ၌ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာများဖြစ်သည့် Internet of Things (IOT), Artificial Intelligence (AI), Digital Substation နည်းပညာများကို အသုံးပြု၍ ကုန်ကျစရိတ်သက်သာခြင်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရမှုနည်းပါးခြင်း စသည့် ထိရောက်သောစွမ်းဆောင်ရည်များ ရရှိနိုင်မည့် AIS, GIS, Mixed Technology Switchgear(MTS), Unmanned နည်းပညာသုံး ဓာတ်အားပေးစက်ရုံနှင့် ပင်မဓာတ်အားခွဲရုံဒီဇိုင်းများ ရေးဆွဲတတ်စေရန်၊ လျှပ်စစ်ပစ္စည်းများ စမ်းသပ်စစ်ဆေးခြင်း၊ ထိန်းသိမ်းမောင်းနှင်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရန် Brainstorming Technique ဖြင့် သင်ကြားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ ထုတ်ပြန်ကြေညာ

**၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ**

၁။ **ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်**
(က) ဝါသနာရှင်(ပထမတန်း)အဆင့်
( ခ ) ဝါသနာရှင်(ဒုတိယတန်း)အဆင့်
( ဂ ) အဆင့်မြင့်ပညာအဆင့်
(ဃ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့်
( င ) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) အဆင့်

၂။ **ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော ဘာသာရပ်များ**

**(က) အဆိုပြိုင်ပွဲ**
(၁) မဟာဂီတ(အဆင့်အားလုံး)
(၂) ခေတ်ဟောင်းတေး/ကာလပေါ်(အဆင့်အားလုံး)
(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်း ပြိုင်ပွဲ{ဝါသနာရှင်(ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်}

**(ခ) အကပြိုင်ပွဲ**
(၁) အကပြိုင်ပွဲ(အမျိုးသား၊အမျိုးသမီး)(အဆင့်အားလုံး)
(၂) မြန်မာအကအခြေခံကဗျာလွတ်အက(ပထမအဆင့်) (အမျိုးသမီး)၁၆ဦး ယိမ်းအကပြိုင်ပွဲ(အခြေခံပညာ အသက်၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်းအဆင့်)
(၃) တိုင်းရင်းသားရိုးရာအက/ကျေးလက်ရိုးရာအက ပြိုင်ပွဲ(တစ်ဖွဲ့လျှင်၁၆ဦး၊ ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက်မပိုသော တေးသီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန်၊)
(၄) ရှမ်းတိုင်းရင်းသားရိုးရာအကပြိုင်ပွဲ(၁၆ ဦး)
(၅) ဇာတ်တော်ကြီးပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့်တွင် မဟောသဓာဇာတ်တော်ကြီး(ပြိုင်ပွဲဝင်ရန် သတ်မှတ်ချိန်မှာ ၃ နာရီဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ဆိုင်ပိုပြောနှင့် အခြားပညာရှင် ၂၃ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၃၀ ဦး ယှဉ်ပြိုင်ရန်၊)
(၆) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း) အဆင့်တွင် ပညာရွှေအိုးဇာတ်(ပြိုင်ပွဲဝင်ရန် သတ်မှတ်ချိန်မှာ ၁ နာရီ ၃၀ မိနစ်ဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင်ကြိုးဆွဲနှင့် ဆိုပိုပြောပညာရှင် ၁၃ ဦး၊ ဆိုင်း ၇ ဦးဖြင့် စုစုပေါင်း ၂၀ ဦး ယှဉ်ပြိုင်ရန်၊)
(၇) ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ဝါသနာရှင်(ဒုတိယတန်း) အဆင့်(အမျိုးသား၊ အမျိုးသမီး) (မင်းသားနှင့် မင်းသမီးရုပ်ဖြင့်ယှဉ်ပြိုင်ရန်၊)
(၈) ကွက်စိပ်ပြိုင်ပွဲ
(ကက) ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား)၊ တိလမုဋ္ဌိဇာတ်၊
( ခခ ) ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား)၊ သသပဏ္ဍိတဇာတ်။

**(ဂ) အရေးပြိုင်ပွဲ**
(၁) ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား/ အမျိုးသမီး)
(၂) ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား/ အမျိုးသမီး)
(၃) အဆင့်မြင့်ပညာအဆင့် (အမျိုးသား/အမျိုးသမီး)
(၄) အခြေခံပညာ(အသက်၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း) အဆင့်(အမျိုးသား/ အမျိုးသမီး)

**(ဃ) အတီးပြိုင်ပွဲ**
(၁) စောင်း - တစ်ဦးချင်း(အမျိုးသား၊အမျိုးသမီး)
(၂) စန္ဒရား - တစ်ဦးချင်း(အမျိုးသား၊အမျိုးသမီး)
(၃) ပတ္တလား - တစ်ဦးချင်း(အမျိုးသား၊အမျိုးသမီး)
(၄) တယော - တစ်ဦးချင်း(အမျိုးသား၊အမျိုးသမီး)
(၅) မယ်ဒလင် - တစ်ဦးချင်း(အမျိုးသား၊အမျိုးသမီး)
(၆) ဂီတာ - တစ်ဦးချင်း(အမျိုးသား၊အမျိုးသမီး)
(၇) ဒုံမင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၈) ဆိုင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) တစ်ဦးချင်း
(၉) ဆိုင်းဝိုင်းကြီး- အဖွဲ့လိုက် - အဖွဲ့လိုက်(အမျိုးသား-၈ ဦး၊ အမျိုးသမီး-၈ဦး)
(၁၀) နှဲ - တစ်ဦးချင်း(အမျိုးသား)
(၁၁) ပလွေ - တစ်ဦးချင်း(အမျိုးသား)
(၁၂) အိုးစည် - အဖွဲ့လိုက်(အမျိုးသား - ၅ ဦး)
(၁၃) ဒိုးပတ် - အဖွဲ့လိုက်(အမျိုးသား - ၆ ဦး)

မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် ဝါသနာရှင်(ပထမတန်း)အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီးပြိုင်ပွဲများတွင် အဆင့်အားလုံးယှဉ်ပြိုင်ရန်။)

**(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "မဟာဂီတ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ **ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) စုံသာမြိုင်လယ် (သီချင်းခံ)
( ခ ) ခွါပြာသင်း (ပတ်ပျိုး)
( ဂ ) စိန်မြရုံခြယ် (မွန်)
(ဃ) ကုန်းဘောင်နေမင်း (ပတ်ပျိုးလတ်)
( င ) အောင်မြေသာဇံ (ပတ်ပျိုး)
( စ ) ကြို့ညိုစုံရာ (ယိုးဒယား)

၂။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
( ခ ) ဒီပါအေးမြ (ပတ်ပျိုး)
( ဂ ) ဖြူပြာမူယာ (ပတ်ပျိုး)
(ဃ) သောင်းရွှေ့လယ် (ယိုးဒယား)
( င ) ကောင်းချီးသဒ်ါ (မွန်)

၃။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) သီလာဝေယံ (ပတ်ပျိုး)
( ခ ) မြူဝန်းလို့ခို (ပတ်ပျိုး)
( ဂ ) အောင်မင်္ဂလာ (ယိုးဒယား)
(ဃ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)

၄။ **အခြေခံပညာ(၁၅- ၂၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဆီးနှင်းပြိုက်ကျ (ကြိုး)
( ခ ) ဆင့်ရရင့်ငယ်လေ (ပတ်ပျိုး)
( ဂ ) ဆောင်ဝဇီယာ (ပတ်ပျိုး)
(ဃ) အိုသာတင့်ဆုံး (ယိုးဒယား)

၅။ **အခြေခံပညာ(၁၀- ၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) သြဘာမင်္ဂလာ (ဘွဲ့)
( ခ ) ဇေယျာအောင်သံ (ပတ်ပျိုး)
( ဂ ) ပန်းတသင်းသင်း (ပတ်ပျိုး)
(ဃ) မြိုင်ဟေမာ (ယိုးဒယား)

**"ခေတ်ဟောင်းတေး/ ကာလပေါ်တေးများ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ **ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား)**
(က) ရွှေသဇင် (ဂီတလုလင်ဦးကိုကို)
( ခ ) စွဲမက်ပါတဲ့အာရုံ (ဥသြဘသောင်)
( ဂ ) ညီတော်မင်းနန် (ဝင်းဦး)
(ဃ) ဆင်ကြီးဂဠုန်ချီ (ပျော်တော်ဆက်တင်အောင်)
( င ) ဘုံဓမ္မတာ (ဥသြဘသောင်)
( စ ) မင်္ဂလာတော် (ဥသြဘသောင်)
(ဆ) ပန်းစုံတဲ့တော (ခင်မောင်ရင်)
( ဇ ) မာန် (ဂီတလုလင်ဦးကိုကို)

၂။ **ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသမီး)**
(က) တောင်သူပျို (ဒေါ်ကြည်အောင်)
( ခ ) မဟာတြိရတနာ (ရီရီသန့်)
( ဂ ) စာဆိုခံလလုံး (မာမာအေး)
(ဃ) သုံးဆယ့်ရှစ်ဖြာမင်္ဂလာ (ကြည်ကြည်ဌေး)
( င ) မေတ္တာဝေသံဆန်း (ဝင်းဦး)
( စ ) စည်တော်ကြီး (မာမာအေး)
(ဆ) ပျံသန်းရမည့်နေ့ (စိန်စိန်မြိုင်)
( ဇ ) ပြိုင်ပွဲကြီး (ထား)

၃။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား)**
(က) တပေါင်းသာခေါင် (ကိုတင်အောင်သန်း)
( ခ ) စိန်မြရုံခြယ်အောင်ပင်လယ် (ကိုအံ့ကြီး)
( ဂ ) ဂျင်မလေးဂျမ်း (ကိုမင်းနောင်)
(ဃ) ဗျာပါဆံ (ကိုမင်းသူ)
( င ) ဖန်တီးသူတို့အပြုံးများ (ဂီတလုလင်ဦးကိုကို)
( စ ) လူချွန်လူကောင်း (ကိုအံ့ကြီး)

၄။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသမီး)**
(က) တရေးချစ်ခွင့်မြင်ရနိုး (မာမာအေး)
( ခ ) နွေမိုးဆောင်း (တင်တင်မြ)
( ဂ ) မေတ္တာရွှေစောင်း (လီလီကြာညွန့်)
(ဃ) ဘဝဇာတ်သဘင် (မေလှမြိုင်)
( င ) မြနဒီ (မြင့်မြင့်ရှိန်)
( စ ) ကထိန်သင်္ကန်း (စိန်ပါတီ)

၅။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသား)**
(က) ရွှေမင်းဂံ (ကိုအံ့ကြီး)
( ခ ) ရိပ်မြိုင်ရေချမ်းမေတ္တာစမ်း (စန္ဒရားထွန်းညွန့်)
( ဂ ) မဟာဗန္ဓုလ (ကိုထွန်းရွှေ)
(ဃ) ဆုတောင်းပတ္တနာ (ကိုညွန့်လွင်)

၆။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)**
(က) ခင်မွန်ရွှာသူ (မြင့်မြင့်အုန်း)
( ခ ) အတုအယောင် (ဌေးဌေးမြင့်)
( ဂ ) မဟုတ်မတရားနှုတ်စကားရှောင် (ဒေါ်မေစီ)
(ဃ) ယောကျ်ားဆုပန် (လေဘာတီမြရင်)

၇။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)**
(က) မောင်းမကန်ကေသီဦး (စန္ဒရားချစ်ဆွေ)
( ခ ) ဂုံညှင်းထိုးကြမယ် (ဝင်းဦး)
( ဂ ) အောင်မြင်ခြင်းအတူတူ (စန္ဒရားထွန်းညွန့်)
(ဃ) ရွှေကျီးညို (မောင်ဝင်းမြင့်)

၈။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသမီး)**
(က) ချစ်စရာ့ရွှေတမာ (ရီရီသန့်)
( ခ ) မောင်ကြီးနိဗ္ဗာန်ဆော် (ခင်သစ်လွင်)
( ဂ ) အနန္တမေတ္တာ (ထား)
(ဃ) ဂီတဥ္ဇလီ (သင်းသင်းမြတ်)

၉။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)**
(က) ကိုယ့်ရပ်ဌာနေ (စန္ဒရားထွန်းညွန့်)
( ခ ) အရွယ်သုံးပါး (ရတနာညွန့်)
( ဂ ) မြန်မာ့အားအင် (လီလီကြာညွန့်)
(ဃ) မောင့်တိုင်းပြည် (ရေနံ့သာဝင်းမောင်)

၁၀။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသမီး)**
(က) ရွှာသာယာ (လှလှရီ)
( ခ ) အဆင်းလှတဲ့ပင်းတယ (ခင်သစ်လွင်)
( ဂ ) မြန်မာပြည်ခရီးစဉ် (ထား)
(ဃ) မြန်မာ့ဂီတလှပဝေဆာ (သင်းသင်းမြတ်)

**"အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား)**
(က) လူချွန်လူကောင်း (ကိုအံ့ကြီး)
( ခ ) ဖေဖေပြောသောပုံပြင် (မောင်တင်ဝင်း)
( ဂ ) ချစ်ခြင်းတရားနဲ့ပြည်ထောင်စု (ခင်မောင်ထူး)
(ဃ) လုလင်ငယ်သွေး (ကိုမင်းနောင်)
( င ) ငြိမ်းချမ်းရေးပန်းခင်း (ခိုင်ထူး)

(ဆက်လက်ဖော်ပြပါမည်)

# အီရန်နိုင်ငံ မြို့တော် တီဟီရန်၌ ဆော်ဒီအာရေဗျနိုင်ငံသံရုံး ပြန်လည်ဖွင့်လှစ်



**တီဟီရန် ဩဂုတ် ၁၈**

ဆော်ဒီအာရေဗျနိုင်ငံသည် အီရန်နိုင်ငံ မြို့တော် တီဟီရန်၌ ၎င်း၏သံရုံးကို ယမန်နေ့က ပြန်လည်ဖွင့်လှစ်ကြောင်း သိရသည်။ ဆော်ဒီအာရေဗျနိုင်ငံ မြို့တော် ရီယာ့ဒ်ရှိ အီရန်သံရုံးကို ဇွန်လအတွင်း၌ ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ဩဂုတ် ၁၇ ရက်တွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ရီယာ့ဒ်မြို့၌ သံရုံးပြန်လည်ဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်။

ဆော်ဒီအာရေဗျနှင့် အီရန်နှစ်နိုင်ငံတို့သည် ၂၀၁၆ ခုနှစ်တွင် သံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့သည်။ မတ်လတွင် တီဟီရန်နှင့် ရီယာ့ဒ်တို့သည် တရုတ်နိုင်ငံ၏ စေ့စပ်ညှိနှိုင်းမှုကြောင့် ဆက်ဆံရေး ပြန်လည်ထူထောင်ရန် သဘောတူညီခဲ့ကြသည်။

ပင်လယ်ကွေ့နိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်စေရန် အီရန်နိုင်ငံက ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး အလီရီဇာ အီနာယာတီက ဆိုသည်။

ဆော်ဒီအာရေဗျနှင့် အီရန်နှစ်နိုင်ငံသည် နှစ်နိုင်ငံဆက်ဆံရေး ထူထောင်ရန်နှင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်ထားကြောင်း သံအမတ်ကြီး အလီရီဇာ အီနာယာတီက ပြောသည်။

နှစ်နိုင်ငံအနေဖြင့် ပင်လယ်ကွေ့ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံပြီး လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ထူထောင်နိုင်မည်ဟု မျှော်လင့်ကြောင်း အလီရီဇာ အီနာယာတီက ဆိုသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အမေရိကန်၏အကူအညီဖြင့် အစ္စရေးနိုင်ငံနှင့် ပိုမိုကောင်းမွန်သော ဆက်ဆံရေးရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အီရန် - ဆော်ဒီအာရေဗျနှစ်နိုင်ငံ ဆက်ဆံရေး ပုံမှန်ပြန်လည်ဖြစ်ထွန်းမှုသည် ဒေသတွင်း တည်ငြိမ်ရေး ဖြစ်ပေါ်စေမည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အီသီယိုးပီးယားနိုင်ငံ၏ ပထမဆုံးပုဂ္ဂလိက တယ်လီကွန်းကုမ္ပဏီက မိုဘိုင်းငွေကြေး ဝန်ဆောင်မှုလုပ်ငန်း စတင်ဆောင်ရွက်

**အဒစ်အဘာဘာ ဩဂုတ် ၁၈**

အီသီယိုးပီးယားနိုင်ငံ၏ ပထမဆုံး ပုဂ္ဂလိကတယ်လီကွန်းကုမ္ပဏီ Safaricom Ethiopia သည် ၎င်း၏မိုဘိုင်းငွေကြေးဝန်ဆောင်မှု M–Pesa ကို တရားဝင်မိတ်ဆက်ခဲ့သည်။

M–Pesa ဝန်ဆောင်မှုလုပ်ငန်းကို စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီး နည်းပညာဆိုင်ရာ ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ကာ ဘဏ်များနှင့် ချိတ်ဆက်၍ လုပ်ငန်းဆောင်ရွက်ခဲ့သည်။

Safaricom Ethiopia သုံးစွဲသူများအားလုံး M–Pesa မှ ပေးအပ်မည့်ငွေကြေးဝန်ဆောင်မှုများကို ရရှိမည်ဖြစ်သည်။

M–Pesa ကို အသုံးပြုခြင်းဖြင့် သုံးစွဲသူများသည် နိုင်ငံအတွင်း ငွေပို့နိုင်ပြီး နိုင်ငံတွင်းနှင့်ပြည်ပမှ ငွေလက်ခံခြင်း၊ ကုန်သည်များကို ပေးချေခြင်း၊ ၎င်းတို့၏ ဘဏ်စာရင်းသို့ လွှဲပြောင်းခြင်းနှင့် ၎င်းတို့၏ ဘဏ်စာရင်းများမှ ငွေများကို M–Pesa သို့ ပေးပို့ခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

"အီသီယိုးပီးယားတွင် M–Pesa သုံးစွဲသူများကို မိုဘိုင်းငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ စတင်ပေးအပ်ရာ ကျွန်တော်တို့ ဆောင်ရွက်နေကြောင်း Safaricom Ethiopia ၏ တာဝန်ရှိသူ Stanley Njorge က ထပ်လောင်းပြောကြားသည်။ M–Pesa သည် အီသီယိုးပီးယားနိုင်ငံပိုင် Ethio–Telecom ၏ မိုဘိုင်းငွေကြေးပလပ်ဖောင်း TeleBirr မှ ပြိုင်ဆိုင်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

Safaricom M–PESA Mobile Financial Services Private Limited Company ၏ အထွေထွေမန်နေဂျာ Paul Kavavu က M–Pesa သည် အာဖရိက၏ အအောင်မြင်ဆုံး မိုဘိုင်းငွေဝန်ဆောင်မှုဖြစ်ပြီး ၎င်း၏ ဘေးကင်းမှုနှင့် အဆင်ပြေမှုတို့ကြောင့် ဘဏ်လုပ်ငန်း လုပ်ကိုင်သူများအတွက် ဒေသတွင်း အကြီးဆုံး ငွေကြေးဆိုင်ရာနည်းပညာပလက်ဖောင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ကင်ညာနိုင်ငံ၌ M–Pesa ဝန်ဆောင်မှုကို အရွယ်ရောက်ပြီးသူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော် အသုံးပြုနေကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**




# လာအိုမီးရထားလုပ်ငန်း အသက်မွေးဝမ်းကျောင်း နည်းပညာကောလိပ်၏ ပထမဆုံးကျောင်းသားအသုတ်ကိုလက်ခံမည်

**ဗီယင်ကျန်း ဩဂုတ် ၁၈**

လာအိုမီးရထားလုပ်ငန်း အသက်မွေးဝမ်းကျောင်း နည်းပညာကောလိပ်သည် ၂၀၂၃ ခုနှစ်တွင် ၎င်း၏ ပထမဆုံးပညာသင်နှစ်အတွက် ကျောင်းသား ၃၆၀ ကို ပထမဆုံးအသုတ်အဖြစ် စတင်လက်ခံမည်ဖြစ်ကာ တရုတ်–လာအို မီးရထားပြေးဆွဲရေးလုပ်ငန်းတွင် လုပ်ကိုင်ရန် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးမည်ဖြစ်သည်။

**ထပ်လောင်းပြောကြား**

အဆိုပါကောလိပ်တွင်ဟောပြောခန်းမ၊ လက်တွေ့လေ့ကျင့်ရေးအဆောက်အအုံ၊ စီမံခန့်ခွဲရေးအဆောက်အအုံ၊ စာကြည့်တိုက်၊ စားဖိုဆောင်၊ ကျောင်းသားအဆောင်နှင့် အခြားအဆောက်အအုံများ ပါဝင်ပြီး ပထမဆုံးအသုတ် ကျောင်းသား ၃၆၀ ကို လက်ခံရန် ပြင်ဆင်ထားကြောင်း ကောလိပ်၏ ညွှန်ကြားရေးမှူးBounyalith Khanthachack အား ကိုးကား၍ လာအိုအမျိုးသားရေဒီယိုက ထပ်လောင်းပြောကြားသည်။

ထိုကောလိပ်တွင် ရထားပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် ရထားမောင်းနှင်မှု၊ ဘူတာရုံဆိုင်ရာလုပ်ငန်းတာဝန်များအပါအဝင် လျှပ်စစ်ပြုပြင်ရေးနှင့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ သင်တန်းများကို ပို့ချမည်ဖြစ်ပြီး ၎င်းကောလိပ်မှ အောင်မြင်သူများသည် တရုတ်–လာအို မီးရထားပြေးဆွဲရေးလုပ်ငန်းတွင် အလုပ်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။

ဗီယင်ကျန်းမြို့တော်ရှိ ၎င်းကောလိပ်တွင် ဖွင့်လှစ်မည့်သင်တန်းများကို တရုတ်နိုင်ငံတွင် ရထားလမ်းပိုင်းဆိုင်ရာ လုပ်ငန်းများ၌ ကျွမ်းကျင်စွာလုပ်ကိုင်ခဲ့သည့် တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံမှ သင်တန်းနည်းပြဆရာ ဆရာမများက သင်ကြားပေးမည်ဖြစ်သည်။

ကောလိပ်တွင် ကျောင်းသားများနှင့် သင်ကြားရေးဝန်ထမ်းများ အသုံးပြုရန် သင်ထောက်ကူပစ္စည်းများကို ပြင်ဆင်ထားကြောင်း ၎င်းကောလိပ်မှ ညွှန်ကြားရေးမှူးBounyalith က ပြောသည်။

**တည်ဆောက်ခဲ့**

လာအိုမီးရထားလုပ်ငန်း အသက်မွေးဝမ်းကျောင်း နည်းပညာကောလိပ်ကို မြေအကျယ်အဝန်း ၁၄ ဟက်တာပေါ်တွင် တရုတ်အစိုးရထံမှ ထောက်ပံ့ငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တရုတ်–လာအို ချစ်ကြည်ရင်းနှီးမှုနှင့် ကုန်းတွင်းပိတ်နိုင်ငံအဖြစ်မှ လွတ်မြောက်ခြင်း အောင်ပွဲခံသည့် သင်္ကေတအဖြစ် တရုတ်–လာအို မီးရထားလမ်း၏ လာအိုဘက်ခြမ်းလမ်းပိုင်းကို ဖွင့်လှစ်ပြီးချိန်မှစတင်၍ လာအိုနိုင်ငံသားများအတွက် အလုပ်အကိုင်ပေါင်း ၁၁၀၀၀၀ ကျော် ဖန်တီးပေးခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# ဟာဝိုင်အီကျွန်းရှိ တောမီးလောင်ကျွမ်းမှုကြောင့် အရေးပေါ်စီမံခန့်ခွဲမှုအကြီးအကဲ ရာထူးမှနုတ်ထွက်

**ဟိုနိုလူလူ ဩဂုတ် ၁၈**

ဟာဝိုင်အီကျွန်းရှိ Maui ၏ အရေးပေါ်စီမံခန့်ခွဲမှုအကြီးအကဲသည် ကျန်းမာရေးအကြောင်းပြချက်ဖြင့် ရာထူးမှနုတ်ထွက်ခဲ့သည်။ လူနေဧရိယာအနီးသို့ တောမီးများဝင်ရောက်လာသည့်အခါ သတိပေးချက်ဥသြများအသုံးမပြုရန် ၎င်း၏ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဝေဖန်မှုများ မြင့်တက်လျက်ရှိစဉ် ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

Maui စီရင်စု၏ အရေးပေါ်စီမံခန့်ခွဲမှု အကြီးအကဲ ဟာမန်အန်ဒါယာသည် ယမန်နေ့က ၎င်း၏ ရာထူးမှ နုတ်ထွက်စာကို ခရိုင်မြို့တော်ဝန်ထံ ချက်ချင်းပေးပို့ခဲ့သည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောသည်။

အန်ဒါယာသည် တောမီးများလောင်ကျွမ်းစဉ် အချက်ပေးဥသြများအသုံးပြုရန် ဆုံးဖြတ်ချက်မချမှတ်ခဲ့ခြင်းအပေါ် နောင်တမရကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။ အချက်ပေးဥသြစနစ်သည် တောမီးလောင်ကျွမ်းမှုအတွက် မဟုတ်ဘဲ ဆူနာမီရေလှိုင်းအတွက်သာ ဒီဇိုင်းထုတ်ထားကြောင်း ၎င်းက ဆိုသည်။ ဥသြသံမြည်သည့်အချိန်တွင် ပိုမိုမြင့်မားသောနေရာများကို ရှာဖွေရန် ဒေသခံပြည်သူများအား လေ့ကျင့်ပေးထားကြောင်းလည်း ၎င်းက ပြောကြားသည်။

ဥသြသံမြည်သည့်အချိန်တွင် ပြည်သူများသည် အနီးဝန်းကျင်ရှိတောင်စောင်းဘက်သို့ အပြေးအလွှားသွားကြမည်ဖြစ်ကြောင်း အရေးပေါ်စီမံခန့်ခွဲမှုအကြီးအကဲ ဟာမန်အန်ဒါယာက ဆိုသည်။

သို့သော် ဒေသန္တရအာဏာပိုင်များမှ ထုတ်လုပ်သည့် ဗီဒီယိုသည် ဟာမန်အန်ဒါယာ၏ ပြောကြားချက်နှင့် ကိုက်ညီမှုမရှိပေ။ တောမီးများအပါအဝင် အရေးပေါ်အခြေအနေအမျိုးမျိုးတွင် ဥသြအချက်ပေးသံများကို အသုံးပြုရန်လိုအပ်ကြောင်း ယင်းဗီဒီယိုတွင် ဖော်ပြထားသည်။ အရေးပေါ် စီမံခန့်ခွဲမှုအကြီးအကဲ ဟာမန်အန်ဒါယာ၏ နေရာတွင် အခြားတစ်ဦးကို အမြန်ဆုံးရွေးချယ်သွားမည်ဖြစ်ကြောင်း မြို့တော်ဝန်က ဆိုသည်။




တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၁၁၁ ဦးရှိကြောင်းနှင့် တောမီးလောင်ကျွမ်းသည့် မြေဧရိယာ၏ ၄၀ ရာခိုင်နှုန်းအထိ ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# သာသနာတော် ထိခိုက်ညှိုးနွမ်းစေရန် ဖန်တီးပုံဖော်၍ ရုပ်ရှင်ဇာတ်လမ်း ရိုက်ကူးခဲ့သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၁၈**

လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် isi Dhamma Youtube Channel နှင့် Tiktok တို့တွင် ဇူလိုင် ၂၄ ရက်က ဗုဒ္ဓဘာသာ၊ သာသနာတော်နှင့် သံဃာတော်များအပေါ် အထင်အမြင်လွဲမှားစေရန် ဖန်တီးပုံဖော်ထားသည့် "ဘာမှ မမျှော်လင့်ပါနဲ့ (Don't expect anything!)" အမည်ရှိ ဇာတ်လမ်းစတင်ပျံ့နှံ့ခဲ့ရာ အဆိုပါ ဇာတ်လမ်းတွင် အမျိုးသမီးငယ်တစ်ဦးက ဗုဒ္ဓဘာသာဝင်တို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများကို ထိခိုက်ညှိုးနွမ်းစေပြီး ရဟန်းသံဃာတော်များ၏ အကျင့်သီလအား ပုတ်ခတ်စော်ကားသော အပြောအဆိုနှင့် ရိုင်းပျသည့် စကားလုံးအသုံးအနှုန်းများ ထည့်သွင်းပြောဆိုသွားခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

အဆိုပါ ဇာတ်လမ်းတွင် ပါဝင်ခဲ့သူများအား ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင် ဇာတ်ညွှန်း၊ ဒါရိုက်တာဖြစ်သူ ဆွစ်ဇာလန်နိုင်ငံသား Didier Nusbaumer နှင့် သရုပ်ဆောင်များဖြစ်သည့် ဆန်းဝင်း(ခ) ဦးဇာနိန္ဒ၊ ယွန်းအိခင်(ခ)ယွန်းယွန်း၊ ဇာနည်ဦး၊ ဝင်းမိုး၊ ကျော်သက်ထွေး (ခ)ဖိုးထူး၊ ရဲလင်းထွန်း (ခ)ကိုရဲ၊ ချမ်းချမ်းမေ (ခ)ခင်ရူပါရှင်းသန့်၊ ရွှေရည်ဝင်း (ခ)ကဲကဲ၊ ကောင်းစံထွန်း(ခ) ကြယ်စင်၊ မိုးပြည့်ပြည့်သူ(ခ) ဂျူးဂျူးစံ၊ ခါတော်မီ(ခ)ခါခါ၊ ဖြိုးမောင်မောင် (ခ)ဂျိုးဆက်သွင်၊ ဉာဏ်လင်းဖြိုး(ခ) ဘရိုင်ယန်စသည့် တရားခံ ၁၄ ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

**သာသနာတော်ကို ထိခိုက်ညှိုးနွမ်းစေရန် ဖန်တီးပုံဖော်ရိုက်ကူးထားသည့် "ဘာမှမမျှော်လင့်ပါနဲ့ (Don't expect anything!)" ဇာတ်လမ်းအား ရိုက်ကူးခဲ့သူနှင့် ပါဝင်သရုပ်ဆောင်သူများအား ဖမ်းဆီးရမိမှု အခြေပြဇယား**

ဇာတ်ညွှန်းဒါရိုက်တာ



Didier Nusbaumer (၅၂ နှစ်)

သရုပ်ဆောင်များ



ဆန်းဝင်း(ခ)ဦးဇာနိန္ဒ (၃၁ နှစ်)



ဝင်းမိုး (၃၅ နှစ်)



ဇာနည်ဦး (၃၆ နှစ်)



ယွန်းအိခင်(ခ)ယွန်းယွန်း (၁၂ နှစ်)



ကျော်သက်ထွေး (၂၈ နှစ်)



ရဲလင်းထွန်း (၃၆ နှစ်)



ချမ်းချမ်းမေ (၁၈ နှစ်)



ရွှေရည်ဝင်း (၂၃ နှစ်)



ဖြိုးမောင်မောင် (၂၂ နှစ်)



ဉာဏ်လင်းဖြိုး (၂၁ နှစ်)

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ ဆွစ်ဇာလန်နိုင်ငံသား Didier Nusbaumer သည် "ဘာမှမမျှော်လင့်ပါနဲ့ (Don't expect anything!)" ဇာတ်လမ်းအား ၎င်းကိုယ်တိုင် ဗုဒ္ဓဘာသာဝင်ရဟန်းသံဃာတော်များ၏ သိက္ခာ၊ ကိုယ်ကျင့်တရားများကို ထိခိုက်ကျဆင်းစေသည့် စကားလုံးအသုံးအနှုန်းများဖြင့် ဇာတ်ညွှန်းရေးသား၍ ကိုယ်တိုင်ရိုက်ကူးတည်းဖြတ်ကာ ဇူလိုင် ၂၄ ရက်တွင် isi Dhamma Youtube Channel မှတစ်ဆင့် လွှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်သူများ၏ သရုပ်ဆောင်ချက်၊ ပြောကြားချက်၊ စကားလုံးအသုံးအနှုန်းများသည် ဒါရိုက်တာဖြစ်သူ Didier Nusbaumer ကိုယ်တိုင်ရေးသားထားသော ဇာတ်ညွှန်းများအတိုင်း ပြောဆိုခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဇာတ်လမ်း၏ အဓိကအခန်းကဏ္ဍတွင် ပါဝင်သရုပ်ဆောင်ခဲ့သူများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါလျက် ကိုယ်အမူအယာ၊ နှုတ်အမူအယာဖြင့် ရဟန်းသံဃာတော်များ၏ ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားများကို ထိခိုက်ကျဆင်းစေသည်အထိ ဆင်ခြင်တုံတရားမဲ့စွာ ပြုမူဆောင်ရွက် ခဲ့ကြသည့်အပြင် ဇာတ်လမ်းကို ကြည့်မြင်ရသည့် ဗုဒ္ဓဘာသာဝင်တို့၏ စိတ်နှလုံးကို ထိခိုက်စေပြီး ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာ၊ သာသနာကို စော်ကားသည့် အပြုအမူများ သက်ရောက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အထက်ဖော်ပြပါ ဖမ်းဆီးရမိ တရားခံများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Khin Myint Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက်နေ ခင်မြင့်ဦး(ခ)ရှာရှာကြီးအား နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် လည်းကောင်း၊ "Moh Moh Kyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်နေ မို့မို့ကြည်အား ည ၁၁ နာရီ ၁၀ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တန့်ယန်းမြို့နယ်၌ မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**တန့်ယန်း ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးကာ မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

**ပညာပေးဟောပြော**

အဆိုပါအသိပညာပေးဟောပြောပွဲတွင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်က မှုခင်းကျဆင်းရေးဆိုင်ရာကိစ္စရပ်များနှင့် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးဇော်လွင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည်များကို ပရိုဂျက်တာဖြင့် အသိပညာပေးဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမစနစ်ဖြင့် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး



**နေပြည်တော် ဩဂုတ် ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မန်းတောင်ရိပ် မျိုးစေ့ထုတ် သမဝါယမအသင်းမှ အသင်းသားတောင်သူများ၏ မျိုးစေ့ထုတ် စပါးစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် မနောယျမကျေးရွာသို့ သွားရောက်ကာ မနောယျမ လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးစိုးတင့်၏ လယ်မြေ သုံးဧကတွင် မဂျမ်းတောစပါးမျိုးများ စိုက်ပျိုးထားမှုကိုလည်းကောင်း၊ အသင်းသား တောင်သူ ဦးဖိုးကျော်၏ လယ်မြေ ငါးဧကတွင် မဂျမ်းတောစပါးမျိုးများ စိုက်ပျိုးထားမှုကို လည်းကောင်း ကြည့်ရှုအားပေးကာ အသင်းသားတောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ် ရွာသစ်ကျေးရွာ ပုဗ္ဗာရာမ ရွာဦးကျောင်း၌ ရွာသစ်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းအမှုဆောင်များ၊ အသင်းသားများ၊ ရပ်မိရပ်ဖများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အသင်းသားတောင်သူများနှင့် ရပ်မိရပ်ဖများ၏ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ်(မန္တလေး)သို့ သွားရောက်ကာ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ကအားထားရသည့် စီးပွားရေးပညာရှင် လူငယ်လူရွယ်များ မွေးထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ စာပေသင်ကြားရေးသာမက မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ် ရှင်သန်ထက်မြက်သော လူငယ်လူရွယ်များဖြစ်စေရေး လေ့ကျင့်ပျိုးထောင်ပေးရန် တိုက်တွန်းမှာကြားသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေး စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစုပိုင် ဆန်စက်ကို လည်းကောင်း၊ ကျောက်ဆည်မြို့နယ် အင်နိုင်းကျေးရွာ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အခြေခံစက်ချုပ်နည်းသင်တန်းကိုလည်းကောင်း၊ ဒီနေလင်းဒိန်ချဉ်လုပ်ငန်းကိုလည်းကောင်း၊ ပတ္တာကျေးရွာရှိ ပတ္တာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဝင်းမြင့်နောင်၏ လယ်မြေ ၁၅ ဧကတွင် ဧရာပဒေသာစပါးမျိုးများ စိုက်ပျိုးထားမှုကို လည်းကောင်း၊ အသင်းသားတောင်သူ ဦးငြိမ်း၏ လယ်မြေ ၁၀ ဧကတွင် ဧရာပဒေသာစပါးမျိုးများ စိုက်ပျိုးထားမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ရှမ်းရွာကြီးကျေးရွာရှိ အရှေ့ရွာနန်းနှင့် တောင်ပလူ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများနှင့် တွေ့ဆုံကာ မိုးစပါးစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များတင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၂၄ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြု လူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၇-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၈-၈-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၂၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၀၅ ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကျိုင်းတုံမြို့၌ ပြည်နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ကျိုင်းတုံ ဩဂုတ် ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ်နှင့် ၂၀၂၃ ခုနှစ် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီခွဲက ကျိုင်းတုံမြို့ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်က



ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်နှင့် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသက် ငါးနှစ်အောက်ကလေးများကို ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်းများ ဆောင်ရွက်ပြီး ကိုယ်ဝန်ဆောင်မိခင်များကို အားဆေးများနှင့် အာဟာရဖြစ်စေသော အစားအစာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျိုင်းတုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ စနစ်မှန်သော သွားတိုက်နည်း၊ လက်ဆေးနည်းနှင့် ခြင်ကျား၊ ပိုးလောက်လန်း နှိမ်နင်းနည်းများကို ကျန်းမာရေးဝန်ထမ်းများက အသိပညာပေး ဟောပြောပြီး လက်တွေ့ဆောင်ရွက်ပေးခဲ့ကာ ကျောင်းသား ကျောင်းသူများအတွက် သွားတိုက်တံ၊ သွားတိုက်ဆေး၊ ပဲနို့နှင့် အာဟာရပြည့်မုန့်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## စစ်တွေတက္ကသိုလ်၌ ဥပဒေပညာအကြောင်းသိကောင်းစရာများ ဟောပြော

**စစ်တွေ ဩဂုတ် ၁၈**

စစ်တွေတက္ကသိုလ်ဥပဒေပညာဌာန၌ ဥပဒေပညာအကြောင်း သိကောင်းစရာများ ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက စစ်တွေတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်နှင့် ဥပဒေပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာ ဥမ္မာစန်းတို့က ဥပဒေပညာအကြောင်း သိကောင်းစရာများ ဟောပြောပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။




ထို့နောက် ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းက မြန်မာနိုင်ငံ၏ တည်ဆဲဥဒေများအကြောင်း၊ ဒီမိုကရေစီအတွက် ဥပဒေကဏ္ဍအရေးကြီးပုံ စသည်ဖြင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲသို့ ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း၊ စစ်တွေတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဥပဒေပညာဌာန ပါမောက္ခဌာနမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျုံပျော်၌ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဆွေးနွေး

**ကျုံပျော် ဩဂုတ် ၁၈**

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ရှင်းလင်းဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ အတွင်းရေးမှူး ဦးမြတ်သိန်းဇော်က လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူများ၏ အခွင့်အရေးများ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားဖြေရှင်းခြင်းနှင့် အယူခံခြင်း စသည့် ၂၀၁၂ ခုနှစ်



လယ်ယာမြေဥပဒေ၊ နည်းဥပဒေများကို အသိပညာပေး ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာ ၉၇ အုပ်စုမှ အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၂၂၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

# မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူများအား ဓာတ်မြေဩဇာထောက်ပံ့

**ညောင်ရွှေ ဩဂုတ် ၁၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများသည် ယနေ့ နံနက် ၇ နာရီက ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကျော့မောင်ငယ်ကျေးရွာရှိ IPM စံပြကွက် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုသည်။

**ထောက်ပံ့ပေးအပ်**

ရှင်းလင်းဆောင်ခန်းမတွင် သက်တမ်း ၁၃၅ ရက်ရှိသော စပါးမျိုးကိုနမူနာပြ၍ မြေဩဇာ ထည့်သွင်းပြသမှုဇယားကို ညောင်ရွှေမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိက တောင်သူများအားရှင်းလင်း၍ မိုးစပါးပန်းတိုင် အထွက်နှုန်း ရရှိရေး ၇၂ ဧကအတွက် တောင်သူ ၂၀ အား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ် မိုင်းသောက်အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားနေသော



ကျောင်းသား ကျောင်းသူများကို သွားရောက်ကြည့်ရှု အားပေးစကားပြောကြား၍ ကျောင်းဖွံ့ဖြိုးရေးအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မိုင်းသောက်ပထမစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ အား ဖူးမြော်၍ အင်းလေးဒေသ ဖောင်တော်ဦး မြတ်စွာဘုရား ဒေသစာရီ ကြွချီအပူဇော်ခံမည့်ကိစ္စနှင့်ပတ်သက်၍ လျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆည်ခေါင်းကျေးရွာတွင် MSME လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပန်းပဲလုပ်ငန်းသုံး လေးသံများအား ခွဲဝေချထားပေးသည့် အခမ်းအနားသို့ တက်ရောက်ရာ ဒေသခံပန်းပဲဆရာများက လုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်ချက်များ တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ပန်းပဲလုပ်ငန်းသုံး လေးသံများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆည်ခေါင်းကျေးရွာရှိ ပန်းပဲဖိုများတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။ အဆိုပါ ဆည်ခေါင်းကျေးရွာတွင် ပန်းပဲဖို လုပ်ငန်းလုပ်ကိုင်သူ ၁၆၉ အိမ်ရှိပြီး ပန်းပဲဖိုမှ အိမ်သုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လက်သမားသုံးပစ္စည်းများနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ ထုတ်လုပ်ရောင်းချကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မင်းလှမြို့၌ စိုက်ပျိုးသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူအသိပညာပေးဆွေးနွေး

**မင်းလှ ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၃ ခုနှစ် မိုးရာသီ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က လက်ဆက်ကျေးရွာနှင့် သစ်တူးအိုင်ကျေးရွာတို့၌ကျင်းပဆောင်ရွက်သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းအောင်က သီးနှံများစိုက်ပျိုးရာတွင် မြေဆီလွှာကောင်းမွန်စွာရရှိစေရန် မြေယာပြုပြင်ခြင်းများ၊ သုံးသီးစိုက်ပျိုးမည့်တောင်သူများကို မျိုးကောင်းရွေးချယ်မှုမှန်ကန်ရေးနှင့် အချိန်ကိုက်စိုက်ပျိုးနိုင်ရေး၊ စပါးစိုက်ပျိုးရာတွင် ကြဲခင်းအစား ကောက်စိုက်စက်နှင့် မျိုးစေ့ချကိရိယာတို့ဖြင့်စိုက်ပျိုးကြရန်နှင့် ဗီယက်နမ်နိုင်ငံထုတ် တစ်ပိုင်တစ်နိုင် ကောက်စိုက်စက်အသုံးပြုစိုက်ပျိုးခြင်းကြောင့် စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာပြီး ရရှိ



နိုင်သည့် အကျိုးကျေးဇူး ဗီဒီယိုမှတ်တမ်းများကိုပြသသည်။

ယင်းနောက် ဒေသခံတောင်သူများက စိုက်ပျိုးရေးနှင့်ပတ်သက်၍ သိလိုသည်များကိုမေးမြန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူးတို့က ဆွေးနွေးဖြေကြားခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# အထက (၁)မော်လမြိုင်၌ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြော

**မော်လမြိုင် ဩဂုတ် ၁၈**

မော်လမြိုင်မြို့၌ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၉) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မော်လမြိုင်)မှ ရဲအုပ်ချစ်ချစ်စိုးက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပါ ပြစ်မှုပြစ်ဒဏ်များနှင့် ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်နေသည့် လူကုန်ကူးမှုဖြစ်စဉ်များ၊ လူကုန်ကူးခံရနိုင်သည့် အသက် အရွယ်အမျိုးအစားနှင့် လူကုန်ကူးခံရပါက ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်းနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ကျောင်းသား ကျောင်းသူများ သိသင့်သိထိုက်သည့် အသိပညာ ဗဟုသုတအကြောင်းအရာများ၊ စာဖတ်ခြင်းကြောင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပြဋ္ဌာန်းချက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး ပြသထားသော နံရံကပ် စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



# နိုင်ငံတော်၏ ရွှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်အပေါ် ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် ဩဂုတ် ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့် ရွှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉) ရပ်တို့အား ထပ်ဆင့်ရှင်းလင်းခြင်းကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရွှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက ထပ်ဆင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၈-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၅ | ၂၂၈၅ | ၂၂၇၅ | ၂၂၄၅ | ၂၂၈၀ | ၂၃၀၅ | ၂၂၉၀ | ၂၂၇၀ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၀ | ၃၃၁၅ |
| 95 Ron | ၂၃၄၅ | ၂၃၉၅ | ၂၃၉၅ | ၂၃၃၅ | ၂၃၉၅ | ၂၄၃၅ | ၂၄၀၀ | ၂၃၈၀ | ၂၄၇၅ | ၂၄၉၅ | ၂၃၈၅ | ၂၄၀၀ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၅ | ၂၆၆၅ | ၃၄၃၅ |
| HSD (500 ppm) | ၂၄၂၅ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၆၅ | ၂၄၇၅ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၄၅ | ၃၄၃၅ |
| HSD (50 ppm) | ၂၅၀၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၀ | ၂၈၂၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၅၀၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၀ | ၂၈၂၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၂၄ | ၂၂၀၀ |
| 95 Ron | ၂၂၃၂ | ၂၃၁၁ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၆၂ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇-၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အာဆီယံဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆု

မိုး (အလရ)




၂၀၂၂ ခုနှစ် (၄) ကြိမ်မြောက် ASEAN-OSHNET လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံကိုယ်စားပြုလုပ်ငန်းရှင်တစ်ဦးအား ဆုချီးမြှင့်စဉ်။

အာဆီယံနိုင်ငံများအနေဖြင့် ကုန်ထုတ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်သားထု ပေါ်ပေါက်လာစေရန် အန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့်ပတ်ဝန်းကျင် ဖန်တီးပေးခြင်းတွင် အထောက်အကူဖြစ်စေရန် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN Occupational Safety and Health Network, ASEAN-OSHNET) ကို ၂၀၀၀ ပြည့်နှစ်တွင် အာဆီယံနိုင်ငံများက လက်မှတ်ရေးထိုး၍ဖွဲ့စည်းထူထောင်ခဲ့ကြသည်။

**နှစ်နှစ်လျှင်တစ်ကြိမ် ဆုချီးမြှင့်**

ASEAN-OSHNET အနေဖြင့် ဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် အဆင့်မြှင့်တင်နိုင်ရေး အဖွဲ့ဝင်နိုင်ငံများ ဆွေးနွေးညှိနှိုင်း၍ လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိအမြင်များမျှဝေနိုင်ရေး ညီလာခံများကျင်းပခြင်းတို့ကို နှစ်စဉ်ကျင်းပသည့်အပြင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အလေးထားဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များအား အသိအမှတ်ပြုသည့်အနေဖြင့် နှစ်နှစ်လျှင်တစ်ကြိမ် ဆုချီးမြှင့်ပေးလျက်ရှိသည်။

ဒေသတွင်း အကောင်းဆုံးလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်ကောင်းမွန်သည့်ကုမ္ပဏီများကို အများပြည်သူသိရှိစေရန်နှင့် ချီးမြှင့်ပေးရန်၊ ဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးပုံရိပ်အား မြှင့်တင်ပေးရန်၊ ဒေသတွင်းလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်လိုသည့်ဆန္ဒများ ဖြစ်ပေါ်လာစေရန်၊ ဒေသတွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ရေး ကောင်းမွန်သည့်ပုံရိပ်များဖြစ်ပေါ်လာစေရန်၊ ဒေသတွင်းကျင့်သုံးနေသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအလေ့အထများကို လုပ်ငန်းများအကြား ကျင့်သုံးနိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ရွေးချယ်ချီးမြှင့်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

အဆိုပါကွန်ရက်အနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို စနစ်တကျဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်များအား ရွေးချယ်နိုင်ရေး ဆုလျှောက်လွှာပုံစံများ၊ ဆုရွေးချယ်ရေး စံနှုန်းသတ်မှတ်ချက်များကို ရေးဆွဲသတ်မှတ်ထားပြီးဖြစ်သည်။ ASEAN-OSHNET အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သည့် လုပ်ငန်းများအား ASEAN-OSHNET ၏ ဆုရွေးချယ်ရေး စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်၍ ASEAN-OSHNET ဆုချီးမြှင့်ခြင်းအခမ်းအနား မတိုင်မီ အမည်စာရင်းပေးပို့ရသည်။

ASEAN- OSHNET Excellence Award နှင့် ASEAN-OSHNET Best Practices Award ဟူ၍ ဆုအမျိုးအစားနှစ်မျိုးသတ်မှတ်ပြီး ဆုရွေးချယ်ရေး စံနှုန်း သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ချီးမြှင့်ပေးလျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းခွင်များတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအခြေအနေပေါ် မူတည်၍ ကိုက်ညီသည့် ဆုအမျိုးအစားကို လျှောက်ထားနိုင်မည်ဖြစ်သည်။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် ထူးခြားကောင်းမွန်စွာ ဆောင်ရွက်ထားသည့် လုပ်ငန်းများသည် ASEAN-OSHNET Excellence Award အား လျှောက်ထားနိုင်ပြီး မည်သည့် ကုန်ထုတ်လုပ်ငန်းမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအလေ့အထ၊ ကျင့်စဉ်များ ချမှတ်ဆောင်ရွက်မှုကို အားပေးချီးမြှောက်ရန် ရည်ရွယ်၍ အလုပ်သမား ၅၀ မှ ၃၀၀ အထိ လုပ်ကိုင်သည့် ကုန်ထုတ်လုပ်ငန်းများနှင့် အလုပ်သမား ၃၀၀ မှ ၆၀၀ အထိ လုပ်ကိုင်သည့် လုပ်သားအခြေပြု လုပ်ငန်းများအနေဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အကောင်းဆုံးဆောင်ရွက်ထားပါက ASEAN-OSHNET Best Practices Award ကို ချီးမြှင့်ပေးလျက်ရှိပါသည်။

**စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ချီးမြှင့်နိုင်ရေးဆောင်ရွက်**

အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသည် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ စက်ရုံ၊ အလုပ်ရုံများ ရရှိစေရေးအတွက် ASEAN-OSHNET က ချမှတ်ထားသည့် စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသည် သက်ဆိုင်ရာဌာနနှင့် ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ဆုရွေးချယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းကုမ္ပဏီများမှ လုပ်ငန်းပိုင်ရှင်များ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆုများ ယှဉ်ပြိုင်လျှောက်ထားနိုင်ရေး အများပြည်သူသိရှိရန် ကြေညာခြင်း၊ လျှောက်လွှာများ စိစစ်အကဲဖြတ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းတို့ ဆောင်ရွက်၍ ASEAN-OSHNET ၏ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ အကဲဖြတ်ရွေးချယ်ပါသည်။ အကဲဖြတ်ရွေးချယ်ထားသည့် စက်ရုံများသည် ASEAN-OSHNET က ချီးမြှင့်သည့်ဆုရရှိမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဒေသတွင်း လုပ်ငန်းပိုင်ရှင်များ၊ နိုင်ငံတကာလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်သည့် ASEAN-OSHNET ညီလာခံတွင် မိမိလုပ်ငန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဆောင်ရွက်နေသည့် အခြေအနေများ ရှင်းလင်းတင်ပြနိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်သည်။

**အထောက်အကူဖြစ်စေသည့် အသိအမြင်များ တိုးတက်လာမည်**

ထို့ပြင် ASEAN-OSHNET ညီလာခံသို့ တက်ရောက်ခြင်းဖြင့် အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသည့် နည်းပညာများနှင့်အညီ ကျင့်သုံးနေသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လေ့လာသိရှိနိုင်မည်ဖြစ်ပြီး မိမိလုပ်ငန်းခွင်တွင် ပိုမိုကောင်းမွန်သည့် လုပ်ငန်းခွင် အခြေအနေများ ဖန်တီးရာ၌ အထောက်အကူဖြစ်စေသည့် အသိအမြင်များ တိုးတက်လာမည်ဖြစ်သည်။

ASEAN-OSHNET Excellence Award နှင့် ASEAN-OSHNET Best Practices Award လျှောက်ထားသည့် အလုပ်ရှင်များသည် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနက သတ်မှတ်ထားသည့် လျှောက်လွှာပုံစံနှင့်အတူ မိမိစက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ထားမှု မှတ်တမ်းစာအုပ်၊ အကျဉ်းချုပ်ရှင်းလင်းတင်ပြချက် မိနစ် ၃၀ ခန့် Power Point Presentation တို့ကို ပြင်ဆင်ပေးပို့ရန် လိုအပ်ပြီး ဆုရွေးချယ်ရေးအဖွဲ့၏ လူတွေ့စစ်ဆေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းတို့ကို ခံယူရမည်ဖြစ်သည်။

ASEAN-OSHNET ဆုများကို ၂၀၁၆ ခုနှစ်မှစ၍ နှစ်နှစ်လျှင်တစ်ကြိမ် ရွေးချယ်ချီးမြှင့်ပေးလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် Excellence Award အတွက် စက်ရုံလေးရုံ၊ Best Practices Award အတွက် စက်ရုံလေးရုံတို့ကို ရွေးချယ်ပေးနိုင်ခဲ့ပြီး ASEAN-OSHNET ဆုချီးမြှင့်ခြင်းအခမ်းအနားများသို့ တက်ရောက်ပြီး ဆုများ ရယူနိုင်ခဲ့သည်။ ASEAN-OSHNET ဆုများ ယှဉ်ပြိုင်လျှောက်ထားခြင်းကြောင့် လုပ်ငန်းပိုင်ရှင်များအနေဖြင့် လုပ်ငန်းခွင်ရှိ အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်များ ဖြစ်စေရေး ဖန်တီးဆောင်ရွက်ပေးနေမှု အခြေအနေများကို ပြသပြီး မိမိလုပ်ငန်းခွင်၏ဂုဏ်သိက္ခာ အဆင့်မြှင့်တင်နိုင်ခြင်း၊ အလုပ်သမားများအတွက် ကောင်းမွန်သည့်လုပ်ငန်းခွင်အဖြစ် ဖန်တီးဆောင်ရွက်ပေးနေသည့် လုပ်ငန်းအဖြစ် အသိအမှတ်ပြုခံရသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရာတွင် အထောက်အကူဖြစ်နိုင်ခြင်း၊ မြန်မာနိုင်ငံရှိ လုပ်ငန်းပိုင်ရှင်များသည်လည်း အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း ပြသနိုင်ခြင်းတို့ကြောင့် မိမိလုပ်ငန်း၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့်အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည်။

**‘ASEAN-OSHNET ဆုများ ယှဉ်ပြိုင်လျှောက်ထားခြင်းကြောင့် လုပ်ငန်းပိုင်ရှင်များအနေဖြင့် လုပ်ငန်းခွင်ရှိ အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်များဖြစ်စေရေး ဖန်တီးဆောင်ရွက်ပေးနေမှုအခြေအနေများကို ပြသပြီး မိမိလုပ်ငန်းခွင်၏ ဂုဏ်သိက္ခာအဆင့်မြှင့်တင်နိုင်ခြင်း၊ အလုပ်သမားများအတွက် ကောင်းမွန်သည့်လုပ်ငန်းခွင်အဖြစ် ဖန်တီးဆောင်ရွက်ပေးနေသည့်လုပ်ငန်းအဖြစ် အသိအမှတ်ပြုခံရသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရာတွင် အထောက်အကူဖြစ်နိုင်ခြင်း၊ မြန်မာနိုင်ငံရှိ လုပ်ငန်းပိုင်ရှင်များသည်လည်း အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း ပြသနိုင်ခြင်းတို့ကြောင့် မိမိလုပ်ငန်း၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့်အခွင့်အရေးတစ်ရပ်ပင်ဖြစ်’**

**မြန်မာနိုင်ငံကိုယ်စားပြု ဆုများရယူနိုင်ရေး ပါဝင်ယှဉ်ပြိုင်**

**၂၀၂၄ ခုနှစ်တွင် (၅) ကြိမ်မြောက် ASEAN-OSHNET လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆုချီးမြှင့်ပွဲအခမ်းအနားကို စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် အလှည့်ကျ ကျင်းပပြုလုပ်မည်ဖြစ်ရာ ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဆုလျှောက်လွှာများခေါ်ယူခြင်းနှင့် ဆုရွေးချယ်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်မည်ဖြစ်သည့်အတွက် လုပ်ငန်းပိုင်ရှင်များအနေဖြင့် မြန်မာနိုင်ငံကိုယ်စားပြု ဆုများရယူနိုင်ရေး ပါဝင်ယှဉ်ပြိုင်လျှောက်ထားကြရန် တိုက်တွန်းအပ်ပါသည်။**

ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်များဖြစ်အောင် ဆောင်ရွက်ပေးနိုင်ပါက အလုပ်သမားများ၏ ကုန်ထုတ်စွမ်းရည်တိုးတက်ပြီး လုပ်ငန်းများအကြား ယှဉ်ပြိုင်စွမ်းအားမြှင့်တက်လာမည်ဖြစ်သည့်အတွက် လုပ်ငန်းပိုင်ရှင်များအနေဖြင့် လုပ်ငန်းခွင်များတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာယဉ်ကျေးမှုအဆင့် မြှင့်တင်နိုင်ရေး တတ်စွမ်းသမျှကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ။

# မြန်မာ့ဆောက်လုပ်ရေး၊ အိမ်ရာနှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာပြပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

မြန်မာ့ဆောက်လုပ်ရေး၊ အိမ်ရာနှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ပြပွဲကိုယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ် Yangon Convention Center (YCC)တွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ မြန်မာနိုင်ငံပြပွဲအသင်းဥက္ကဋ္ဌ ဦးမင်းသိမ်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြဟန်တို့ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က ပြပွဲကျင်းပရခြင်းအကြောင်းအား ရှင်းလင်းပြောကြားပြီး ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ပြပွဲတွင် ဆောက်လုပ်ရေးဆိုင်ရာစက်ပစ္စည်း နည်းပညာနှင့် ဆောက်လုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ အိမ်ရာနှင့် ကွန်ဒိုအရောင်းပြခန်းများ၊ ဆိုလာနှင့် လျှပ်စစ်ကား (EV) ပြခန်းများကို ပြသထားသည်။

ပြပွဲတွင် ဂျပန်၊ ကိုရီးယား၊ ဗီယက်နမ်၊ တရုတ် (တိုင်ပေ)၊ ထိုင်း၊ အိန္ဒိယ၊ တရုတ်နိုင်ငံတို့မှ ထုတ်လုပ်သည့် ပစ္စည်းများကို ကုမ္ပဏီပေါင်း ၉၀ မှဆိုင်းခန်းပေါင်း ၂၀၀ ဖြင့် ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပြီး ပြပွဲကို IMS- Silver Sea မှ စီစဉ်ကျင်းပခြင်းဖြစ်ကာ အင်ဂျင်နီယာဆိုင်ရာ စာတမ်းများ၊ နောက်ဆုံးပေါ် လျှပ်စစ်(EV)ကားအကြောင်းနှင့် ဆောက်လုပ်ရေးဆိုင်ရာ ဟောပြောပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။




ခရိုင်(ပြန်/ဆက်)

# ကမာရွတ်မြို့နယ်၌ အလူမီနီယံဆာလဖိတ် ယိုစိမ့်မှု ဖြစ်ပွား

ကမာရွတ် ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၉)ရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန Lab အခန်းဖြစ်သော CE-3 ခန်းမ၌ လွန်ခဲ့သော သုံးရက်ခန့်ကလက်တွေ့ခန်းတွင် အသုံးပြုရန် ခွဲတန်းရရှိထားသည့် အလူမီနီယံဆာလဖိတ် ဓာတ်ပြုပြီး ဓာတ်ငွေ့ယိုစိမ့်မှုတစ်ခု ယနေ့ ညနေ ၆ နာရီ မိနစ် ၄၀ ခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့အလူမီနီယံဆာလဖိတ် ယိုစိမ့်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့များနှင့် ပရဟိတအသင်းများက ကူညီရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အခင်းဖြစ်ရာနေရာသို့ ကမာရွတ်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ကျောက်တံတားမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ စမ်းချောင်းမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ Ventilator မီးသတ်ယာဉ် တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်းနှင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။



စိမ်းလဲ့(ပြန်/ဆက်)

# နမ့်စန်တွင် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်

နမ့်စန် ဩဂုတ် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ယူရီးယားဓာတ်မြေဩဇာများအား တောင်သူများထံ ဆက်လက်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းက ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဓာတ်မြေဩဇာများ နည်းစနစ်မှန်ကန်စွာနှင့်အကျိုးရှိစွာအသုံးပြုနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဌေးနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း ကျေးရွာအုပ်စုများရှိ မျိုးစေ့ထုတ် ၂၂ ဧက၊ မိုးစပါးစံပြစိုက်ကွက် ဧက ၄၀ နှင့် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ၂၆၆ ဧက စုစုပေါင်း ၃၂၈ ဧကအတွက် တစ်ဧက တစ်အိတ် နှုန်းဖြင့် တောင်သူ ၁၈၈ ဦးအား ယူရီးယားဓာတ်မြေဩဇာ ၃၂၈ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တောင်သူနည်းပညာပေးဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❍ ဆောက်သမ်တန်မှ

ဆောက်သမ်တန်ကွင်းလယ်ကစားသမား လာဗီယာအား လီဗာပူး အသင်းကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့ပေမယ့် ခေါ်ယူနိုင်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ဘရိုက်တန်အသင်းမှ ကိုင်ဆီဒိုအား ဖြိုတိန်ပြောင်းရွှေ့ကြေးပေါင် ၁၁၅ သန်းဖြင့် ခေါ်ယူထားပြီးဖြစ်တာကြောင့် လာဗီယာဟာ ယခုသီတင်းပတ်အတွင်း ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့တဲ့ ဒုတိယမြောက်ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

ကွင်းလယ်ကစားသမား လာဗီယာဟာ ယခုနှစ်အစောပိုင်းက ဂျာမနီအသင်းကို အနိုင်ရရှိခဲ့တဲ့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်မှာ ဘယ်လ်ဂျီယံနိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခဲ့သူလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ကိုင်ဆီဒို၊ ဒီဆာဆီ၊ အင်န်ကွန်ကူ၊ နီကိုလက်ဂျက်ဆင်၊ အူဂိုချူကွာ၊ အန်ဂျီလိုဂါဘရီယယ်၊ ရောဘတ်ဆန်းချက်ဇ်နဲ့ ဒီယေဂိုမိုရီရာတို့ကို ခေါ်ယူထားပြီးဖြစ်တာကြောင့် လာဗီယာဟာ နည်းပြ ပိုချက်တီနိုလက်ထက် ကိုးဦးမြောက် ခေါ်ယူနိုင်ခဲ့တဲ့ ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

ငွေကြယ်

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

❖ အာဆီယံ ယူ-၂၃ မှ

ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း၊ စုစုပေါင်း လေးသင်းသာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် လက်ကျန်နှစ်ပွဲစလုံးအနိုင်ရမှသာ အကောင်းဆုံး အုပ်စုဒုတိယနေရာကို မျှော်လင့်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ယနေ့ယှဉ်ပြိုင်ရမည့် ကမ္ဘောဒီးယားနှင့်ပွဲမှာ အရေးပါနေပြီး အနိုင်ရမှသာ ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲကစားသည့် ထိုင်းအသင်းကို ဂိုးပြတ်အရေးနိမ့်ခဲ့သော်လည်း ခြေစွမ်းအရ အပြန်အလှန်ကစားနိုင်ခဲ့ပြီး ရရှိသည့်ဂိုးသွင်းခွင့်များ အသုံးမချနိုင်၍သာ အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ကိုညီလေး

❒ AFC Cup မှ

ခြေစစ်ပွဲများကို တစ်ကျော့တည်းကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းသည် အကြိုခြေစစ်ပွဲကို အိမ်ကွင်းကစားရသော်လည်း Play-off ပွဲစဉ်ကို အဝေးကွင်းသွားရောက်ကစားရခြင်းဖြစ်သည်။ မာကာဆာအသင်းသည် အင်ဒိုနီးရှားလိဂ်၏ ထိပ်သီးကလပ်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် အဝေးကွင်းသွားရောက်ကစားရမည်ဖြစ်သောကြောင့် ရုန်းကန်ရဖွယ်ရှိနေသည်။

လာမည့် AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ် နှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အုပ်စုအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး



# လမ်းမတော်မြို့နယ် အထက- (၂) ၌ အသိပညာပေး ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် လူကုန်ကူးမှုကာကွယ်တားဆီးရေး၊ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပသည်။

ဦးစွာ လမ်းမတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူက အဖွင့်အမှာစကားပြောကြားပြီး လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့မှူးက လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့်မူးယစ်ဆေးဝါး၏ ဆိုးကျိုး၊ လမ်းမတော်မြို့နယ် ဒုတိယဥပဒေအရာရှိကလူကုန်ကူးမှုဆိုင်ရာ ဥပဒေအကြောင်းအရာများ၊ အမှတ်(၄၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဒုရဲမှူးက ယာဉ်အန္တရာယ်ကင်းစင်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းနှင့် လမ်းမတော် မြို့နယ် ဒုတိယဥပဒေအရာရှိက လူကုန်ကူးမှုဆိုင်ရာသိကောင်းစရာများကို ဟောပြောကြကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ (၅၁) လမ်း၊ အမှတ်-၁၂၉၊ အခန်း(A-2) တိုက်ခန်း နှင့်တကွ အကျိုး ခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိထား ပိုင်ဆိုင်လျက်ရှိသူ **ဒေါ်နုနုကြည်** (၁၂/လသန(နိုင်)၀၀၅၇၉၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ် တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တစ်ကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးအောင်ငွေ(LL.B., M.A (Business Law))**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၂၄)
၉၇၊ ပထမထပ်၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုံး။ ၀၉-၅၁၇၈၀၇၅

**ထက်ထက်နိုင် အိမ်ခြံမြေအကျိုးဆောင်**
ဒဂုံ(၄)မြို့နယ်ရှိ မြေကွက်များကို လူကြီးမင်းတို့ စိတ်တိုင်းကျ ပေါက်ဈေးအမှန်ဖြင့် ဝယ်ပေး/ရောင်းပေးပါသည်။
**09-250017727 , 09-250903809**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ်(၃၃) ၇ လွှာ(ခေါင်းရင်းခန်း)၊ (၂ခန်းတွဲ-၇ထပ်တိုက်ရှိ) တိုက်ခန်းကို လက်ရှိပိုင်ဆိုင်သူ အခန်းရှင်ဖြစ်သော မဦး [၁၂/အလန(နိုင်)၀၀၂၂၉၇]နှင့် မောင်လွင်မိုးထက် [၁၂/အလန(နိုင်)၀၄၅၄၄၅]တို့ထံမှ တိုက်ခန်း၏ပိုင်ဆိုင်မှု အကျိုးခံစားခွင့် အရပ်ရပ်ကိုဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်မ ဒေါ်ထွန်းပပလင်း [၁၂/အလန(နိုင်)၀၄၉၆၅၇]က ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ခိုင်မာသော ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ထွန်းပပလင်း**
**အမှတ်(၄၆)၊ နံ့သာလမ်း၊ အလုံမြို့နယ်။**
**ဖုန်း - ၀၉-၄၄၈၀၄၂၂၀၉၊ ၀၉-၉၆၉၁၃၅၉၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆ အေ၊ မြေကွက်အမှတ်-၁၁၈၊ ဧရိယာ (၀.၀၄၃)ဧက၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်-၈၉ မြေပေါ်၌ ဆောက်လုပ်ထားသည့် (၁)ခန်းတည်း၊ (၈ ၁/၂)ထပ်တိုက်၏ ပဥ္စမထပ်၊ (၆လွှာ)၊ အကျယ်(၂၈'x၅၄')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ဒေါ်နွဲ့[၁၂/ကမတ(နိုင်)၀၃၅၆၆၅]မှ PAE စနစ်ဖြင့် ကိုယ်ပိုင်တည်ဆောက်သည့်အခန်းဖြစ်ပြီး မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်(၈၇)၊ ရေနံ့သာ(၂)လမ်း၊ မြေအကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိသည့်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း(၁၀ပေ x ၆၀ပေ) (ခေါင်းရင်းအစွန်ခြမ်း)၊ မြေချပါမစ်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသောင်းဝင်း (LWE-၁၀၄၈၈၄)အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းအမည်ပေါက်ထံမှ ယခုရောင်းချသူ ဒေါ်ဥမ္မာချို [၁၁/ကဖန(နိုင်)၀၆၅၃၇၉]မှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍အပြီး အပိုင်ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လို ပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ရှင်းပ LL.B အထက်တန်းရှေ့နေ (စဉ်-၅၁၂၉၅)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဈ)၊ ပထမထပ်၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၅၄၃၅၈၉၊ ၀၉-၉၄၀၀၈၁၆၇၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ စိုက်ပျိုးရေး(၁)လမ်း၊ အမှတ်(၆၀၀)၊ မြေအကျယ်အဝန်း(ပေ၄၀xပေ၆၀) ဦးအောင်ထွန်း(C/RGN-007251)၏ ပါမစ်အမည်ပေါက်မြေကွက်ထဲမှ (ပေ ၂၀x ပေ ၆၀)မြေကွက်အား အရပ်ကတိအရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးသိန်းထွေး[၁၂/ဗဟန(နိုင်)၀၀၈၈၄၈] ကိုင်ဆောင်သူမှ မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံချက်အရ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇော်ထွန်းအောင် [၁၂/ရကန(နိုင်)၀၁၄၇၇၅] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ရာ အဆိုပါ (ပေ၂၀xပေ၆၀)မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ယခုအရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေမေသန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၃၇၅) (၄-၁၀-၂၀၂၁)**
**တိုက်-၆၇၊ သတိပဋ္ဌာန်လမ်း(ကျောက်မြောင်း) တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉၄၂၀၃၁၉၈၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၈) ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ အပိုင်း(၁)၊ (၈)ခန်းတွဲ (၅)ထပ်၊ တိုက်(၈၅)၊ အခန်း(၄၀၄)၊ စတုတ္ထထပ်၊ အကျယ်အဝန်း (၄၈၄) စတုရန်းပေရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်**

ဖော်ပြပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ဦးသက်ပိုင်လင်း [၁၂/ဆကခ(နိုင်)၀၂၅၅၉၈]ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိသူ ဦးဗန်ဗျက်ကျွန် [၅/ကလထ(နိုင်) ၂၀၁၉၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်လွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၀၀)**
**09426779993**
**E-5, Sagawar Street/FMI City. Hlaingtharyar.**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃/ရပ်ကွက်၊ ဝရဇာ(၄)လမ်း၊ အိမ်အမှတ်(၅၉၄/ခ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၅၉၄/ခ)၊ (အလျား၂၀ပေx အနံ၆၀ပေ)ရှိ အမည်ပေါက်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၅)ထပ်တိုက်၏ စတုတ္ထထပ်(အပေါ်ဆုံး) တိုက်ခန်းနှင့် အသင့်တပ်ဆင်ပြီးဖြစ်သည့် ရေမော်တာ၊ လျှပ်စစ်မီတာ အပါအဝင် အဆိုပါတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ် တို့ကို ဦးကျော်ငြိမ်းဦး [၁၂/သကတ(နိုင်)၁၆၄၂၁၄]နှင့် ဒေါ်တင်ဇာလွင် [၁၂/ကတတ(နိုင်)၀၂၆၄၈၀]တို့မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပိုးအိဖြူ [၁၂/ဥကတ(နိုင်)၁၈၈၇၅၃]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇေယျာထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၈၄၆၉)**
**အမှတ်(၁၀၉၀)၊ ၁၆-လမ်း၊ ၄- ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀၇၉၆၀၂**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဆုမြတ်မွန်[၇/ကဝန (နိုင်)၂၁၃၈၃၆]၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-670204927**

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ဝိုင်းမော်မြို့၊ ၂၀၂၃ ခုနှစ် မတ်လတွင်ကျင်းပသော တက္ကသိုလ်ဝင်စာမေးကို ခုံအမှတ်(က၀-၂၈၆)ဖြင့် ဖြေဆိုအောင်မြင်ခဲ့သည့် မောင်လယ်မယ်အောင်၏ဖခင် ဦးလယ်မယ်ဒီ (ခ) ဦးလယ်မယ်ဒီး [၁/ဝမန(နိုင်)၁၀၅၄၉၄] သည် တစ်ဦးတည်း ဖြစ်ပါသည်။

## အမည်မှန်နှင့် မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၉)၊ Grade-10($B_1$)မှ မလထုန်ဒိုင်မွန်း၏ အမည်မှန်မှာ မလထုံဒိုင်မွန်းဖြစ်ပြီး မလထုံဒိုင်မွန်းနှင့် မောင်လထုံဆွတ်ဒိုင်လွမ်းတို့၏ မိဘအမည်မှန်မှာ ဦးခေါ်ဒိုင် [၁/မကန(နိုင်)၀၃၂၆၇၄] နှင့် ဒေါ်ခေါ်ရမ်[၁/မကန(နိုင်)၁၁၉၈၅၉] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၁၇)၊ မြေကွက်တည်နေရာ အမှတ်-၁၇၊ ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ ဒဂုံအရှေ့မြို့နယ် (ဒေါ်ကြည်ကြည်အုန်း) (PPN-၀၀၁၂၅၃) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ ဒေါ်မွန်မွန်လှမြင့် [၁၂/တမန(နိုင်)၁၀၃၃၁၀]မှ ပါမစ်မူရင်း (ပြောင်းရွှေ့သူများရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း)(မိတ္တူမှန်)၊ အရောင်းစာချုပ်အဆက်စပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဂရန်သစ် လျှောက်ထားလာခြင်းအား အမည်ပေါက်၏ မှတ်ပုံတင်အမှတ် မှားယွင်းနေခြင်းနှင့် ပတ်သက်၍ လျှောက်ထားသူမှ ဝင်စာအမှတ်(၄၆၈/ ၁၂-၁-၂၀၂၃)ဖြင့် အမည်ပေါက်၏ မှတ်ပုံတင်အမှတ်မှာ ပါမစ်မူရင်းတွင် အမျိုးသားမှတ်ပုံတင်နံပါတ်ဖြစ်ပြီး အရောင်းအဝယ်စာချုပ်တွင် နိုင်ငံသားစိစစ်ရေးကတ်ဖြစ်နေခြင်းအား မသိရှိကြောင်းနှင့် ပါမစ်မူရင်း၊ အရောင်းစာချုပ်အဆင့်ဆင့်မူရင်းနှင့် မြေကွက်အား လက်ဝယ်ပိုင်ဆိုင်ထားခြင်းဖြစ်၍ ဂရန်သစ် လျှောက်ထားခြင်းအား ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်းဝန်ခံကတိပြု၍ ရှင်းလင်းတင်ပြထားပြီးဖြစ်၍ လျှောက်ထားမှုအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် မြေကွက်လပ်ဖြစ်ပြီး ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်၍ ဒေါ်မွန်မွန်လှမြင့်မှ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၅)လမ်းအနောက်၊ အမှတ်(၈၂၁က+ခ)၊နှစ်ခန်းတွဲ RC(၆)ထပ်တိုက်မှ ပဥ္စမထပ်၊ (၆-လွှာ)၊ (တိုက်မျက်နှာမူလက်ယာဘက်) ဧရိယာ(၇၅၆) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇင်ကိုကို [၁၄/မအပ(နိုင်)၂၆၉၁၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစဇင်ကိုလင်း [၁၄/ပတန(နိုင်) ၂၅၁၀၀၂]၊ ဒေါ်ယမုံဖူး [၆/မမန(နိုင်)၁၇၉၃၇၅]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးစဇင်ကိုလင်းနှင့် ဒေါ်ယမုံဖူးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-450023651,09-793568375**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၉)၊ အင်္ဂပူလမ်းရှိ မြန်မာနိုင်ငံတွင် ကုမ္ပဏီရုံးခွဲဖွင့်ထားသော EASTERN BANK LIMITED (YANGON REPRESENTATIVE OFFICE) Registration Number – 110409206 သည် (၁၁ – ၄ – ၂၀၂၃) ရက်နေ့တွင် လုပ်ငန်းကို (DEREGISTERED) ရပ်စဲလိုက်ပြီ ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**EASTERN BANK LIMITED**
**(YANGON REPRESENTATIVE OFFICE)**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၄)လမ်း၊ အမှတ်(၄၅/ခ)ဟုခေါ်တွင်သော တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄-H)၊ မြေကွက်အမှတ်(၂၆၀+၂၆၀ A) အကျယ်အဝန်း (၅၀x၁၀၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (မျက်နှာမူလျှင်-ညာခြမ်း) အကျယ်အဝန်း (၂၀x၁၀၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက်တစ်ဦးဖြစ်သည့် ဦးတင်ထွန်းအောင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်သန်းသန်းလှ [၁၂/ရကန(နိုင်)၀၁၈၀၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းထွန်း [၁၂/ကတတ(နိုင်)၀၂၀၀၀၂]နှင့် ဒေါ်ချိုတီမာ [၁၂/ကတတ(နိုင်)၀၁၇၄၇၂]တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းသီတာဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၂၀)**
**အမှတ်(၃၆)၊ မြေညီထပ်၊ (၈၉)လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၀၀၅၄၀၆၀၊ ၀၉-၇၅၉၂၆၀၂၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရေဝဏ်လမ်းမကြီး၊ ရောချမ်းသာကွန်ဒို၊ တိုက်အမှတ်(9/B)၊ Rc(၁၈) ထပ်ကွန်ဒိုတိုက်ခန်းမှ (၁၅-လွှာ)၊ အခန်းအမှတ်(15-211) ဧရိယာ(၇၁၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးမြင့် [၁၄/ညတန(နိုင်)၀၈၈၀၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စွာဝင်း [၁၂/အစန(နိုင်)၁၇၈၂၅၂]၊ ဒေါ်ဝေလင်းလှိုင်[၁၂/ကမတ(နိုင်)၀၅၇၇၅၈၀]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်စွာဝင်းနှင့် ဒေါ်ဝေလင်းလှိုင်တို့ ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph-09-450023651,09-793568375**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ရွှေဂန္ဓမာအိမ်ရာ၊ ပန်းတည်းဝန် ဦးရွှေတင်လမ်းသွယ်၊ တိုက်အမှတ်-၃၁၊ (၄)ခန်းတွဲ (၄)ထပ်၊ (၈၀၀)စတုရန်းပေရှိ အခန်းအမှတ်-၀၀၃ နှင့် အခန်းအမှတ်-၀၀၄၊ ဒေါ်ရွှေအိမ် အမည်ပေါက် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ထွက်ရှိထားသော တိုက်ခန်း(၂)ခန်းနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်း(၂)ခန်းအား တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ရွှေအိမ် [၉/တကန(နိုင်)၀၂၄၀၀၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဘီဂျဲကူးမာရ်[၇/ဖမန(နိုင်)၀၉၇၉၄၇] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါတိုက်ခန်း (၂)ခန်း၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း တိုက်ခန်းပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဘီဂျဲကူးမာရ်** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၇/ဖမန(နိုင်)၀၉၇၉၄၇]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၁၂၃၊ အမှတ်(၄)လမ်း၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **(၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | **ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၃၄၆(က)၊ ဂန္ဓမာလမ်း၊ ဧရိယာ(၂၀'x ၆၀') ကျယ်ဝန်းသော ဦးမင်းအောင် အမည်ပေါက်ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ၍ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကြည်တိုး[၁၂/ဥကတ(နိုင်)၀၃၀၇၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးလင်းအောင်[၅/မမန(နိုင်)၁၀၆၅၆၅]နှင့် ၎င်း၏ဇနီး ဒေါ်နွယ်နွယ်ဝင်း[၁၂/သခန(နိုင်)၁၂၆၄၄၃]တို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်နှင့် အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂/၂၇-၄-၂၀၂၀)**
**အမှတ်-၇၃၇/ခ၊ မြေညီထပ်၊ မာဃလမ်း၊**
**(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-796764898**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ကင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၄၅၇)၊ ကျောက်တစ်လုံးကွင်း၊ ဦးပိုင်အမှတ်(၃၃ဃ/၂)၊ ဧရိယာ(၀.၅၁)ဧကရှိ မြေအား ဦးဇေယျာညွှန့်(ဘ)ဦးညွှန့်ဝင်းမောင် [၁၂/ဗတထ(နိုင်) ၀၀၀၆၅၆]ပါ(၃)ဦးအမည်ဖြင့် ခရိုင်ကော်လိတ္တော်အရာရှိ ဥတ္တရခရိုင်အမှုတွဲအမှတ်(၁၄/၂၀၁၅-၂၀၁၆)ဖြင့်(၉-၂-၂၀၁၆)မှ(၉-၂-၂၀၄၆)ရက်နေ့အထိ နှစ်(၃၀)စက်မှု/စီးပွားမြေငှားဂရန်စာချုပ်(မူရင်း)သည် ပျက်စီးပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ဆိုချက်၊ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုဇယားပုံစံ(၆၆/၆)မိတ္တူ၊ မြေစာရင်းပုံစံ(၁၀၅၊၁၀၆)မိတ္တူ၊ မြေငှားဂရန်စာချုပ်(မိတ္တူ)တို့နှင့်အတူ ဒေါ်အိသန္တာဘိုပါ(၂)ဦးမှ တင်ပြလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန်အသိပေးကြေညာလိုက်သည်။

**ဥတ္တရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့**

**မီးသတိပြု**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၄၈၅)၊ဗိုလ်မင်းရောင်လမ်း၊မြေအကျယ်အဝန်း(အလျား၄၀ပေXအနံ၆၀)ပေ၊(၀.၀၅၅) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ယဉ်မေ အမည်ဖြင့်မှတ်သားတည်ရှိပြီး ယခုရောင်းချသူ ဦးကျော်ကျော်ထွန်း(၁၂/လမန (နိုင်)၀၆၄၆၀၄)သည် မိမိကိုယ်တိုင် တရားဝင်လက်ဝယ် ပိုင်ဆိုင်ထားပြီး လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းချသည့် တန်ဖိုးငွေအနက်မှ စရံငွေအချို့ကို ပေးချေထားပြီးဖြစ် ပါသည်။ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ,**
**ဒေါ်ဇင်မိမိစိုး**
အထက်တန်းရှေ့နေ
(LL.B, D.M.L)(စဉ်-၄၁၄၀၀)
Ph : 09-796766946, 09-405100500
No.450,ZarNi-12street,9Ward,South okkalapa Township,Yangon.

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပါရမီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၊မြေကွက်အမှတ် - ၂၉၄၊တိုက်အမှတ် ၂၉၄၊ (၇-လွှာ/**B-8**)(ညာ)(မြေရင်း)၊ အကျယ်အဝန်း(**18½'×55'**)ရှိမီနီကွန်ဒိုတိုက်ခန်းနှင့်ယင်းကွန်ဒိုတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့် ရှိသည်ဟုဝန်ခံပြောဆိုသူဒေါ်နန်းသဲမွန်ဖြိုး(၁၂/မရက(နိုင်)၁၃၅၅၀၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေများ — လွှဲအပ်ညွှန်ကြားချက်အရ -

| ဦးစိုင်းထွန်းအေး (စဉ်-၃၉၁၇) | ဒေါ်အေးအေးအောင် | ဦးမျိုးညွန့် | ဒေါ်ခင်မာဆွေ |
|---|---|---|---|
| B.A, M.A(Philo;), H.G.P, R.L, B.D.S(MOFA), | (စဉ်-၄၃၂၂) | (စဉ်-၅၁၄၂) | (စဉ် - ၇၈၉၈) |
| DL-101-WIPO, D.I.L, D.M.L | LL.B | LL.B,D.B.L | LL.B,LL.M |

အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၄၃၀ ၂၉၆၉၆ ၊ ၀၉ ၄၀၀ ၉၁၉၁၂၅

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၄)လမ်း၊ အမှတ်(၉၈)၊အခန်း(B-5)၊ ၅-လွှာ၊ အကျယ်အဝန်း (အလျား၁၅ပေ ×အနံ၅၅ပေ)တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ဦးတင်မောင်(၁၂/ကမရ (နိုင်)၀၄၈၂၅၈) အမည်ဖြင့် လက်ရှိလက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်း ကင်းကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေ ထားပြီးဖြစ်သည့် အတွက် ကန့်ကွက် လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက် အထား မူရင်းများ ဖြင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက် ကျော်လွန်ပါက အရောင်း အဝယ် ကိစ္စကို ဥပဒေ နှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မိတင်ဇာလင်း (LLB., D.B.L., D.M.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၈)
အမှတ်(၉/၁၁)၊ ပထမထပ်၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-970039669

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ မြေတိုင်းအကွက်အမှတ်(၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၄၂)၊ မြေကွက်အမှတ်(က-၂၂)၊ ဧရိယာ(၀.၁၁)ဧကရှိ မြေနေရာအား မြေငှားဂရန် သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်သီသီခိုင်[၁၂/ဒဂန(နိုင်)၀၁၉၁၆၆]မှ မြေငှားဂရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ရောဝတီလမ်းမကြီးနှင့် သံလွင်လမ်းထောင့်၊ မ-(မရှိ) အကျယ်ပေ(၂၀x၅၀)မြေနှင့်အဆောက်အဦအား ဦးမင်းသီဟ [၈/ပခက(နိုင်)၂၉၃၆၄၈]မှ ၎င်းပိုင်ဆိုင်သည်ဟုဝန်ခံသောကြောင့် ဦးသက်ထွန်း [၆/မတန(နိုင်)၀၀၃၄၆၁]မှ ထိုအိမ်ခြံမြေကို စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေ၍ဝယ်ယူခဲ့သည့်အတွက် အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်၍ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ပြည့်ပြည့်စန္ဒရှင်**
**အထက်တန်းရှေ့နေ(စဉ် -၂၅၆၈၉)**
**အမှတ်-၅၄၁/က၊ ဥယျာဉ်လမ်း၊ ၁၉-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၀၀၅၇၁၁၅**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ သဇင်လမ်း၊ အိမ်အမှတ် ၆/ခ နေ ဒေါ်သူဇာဟန်[၁၄/မမက(နိုင်)၃၀၇၉၅၆]၏ ဖခင်အမည် ဦးမော်ဟန်(ခ) ဦးမောင်ဟန်[၁၄/မမက(နိုင်)၀၂၁၆၆၁]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမော်ဟန်(ခ)ဦးမောင်ဟန်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၄၇၈)၊ မြေကွက်တည်နေရာအမှတ်(၄၇၈)၊ ခမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးသိန်းငွေ CE-၁၀၉၅၂၀) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးသိန်းငွေ (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ခင်သိန်း [၁၂/ဗဟန(နိုင်)၀၃၆၃၂၇]မှ မိမိသည်သာ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသောဇနီး၊ မယား တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ မိမိသည်သာ တရားဝင် အမွေဆက်ခံခွင့်ရှိသူဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (ခင်ပွန်း) ဦးသိန်းငွေ၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း နှင့် ဒေါ်ခင်သိန်းထံမှ GP. No -၃၁၆၀/၂၀၂၃(၁၇-၂-၂၀၂၃)ဖြင့် ရရှိသူ ဒေါ်ဝင်းပပအောင်[၁၂/ကမရ(နိုင်)၀၆၁၉၇၁]မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ်(၃၇၈/ခ)နေ (အဖ)ဦးဖြိုးမင်းထွန်း [၆/ကသန(နိုင်) ၀၅၄၃၄၇]နှင့်(အမိ)ဒေါ်မွန်မွန်ချို [၅/စကန(နိုင်) ၁၇၈၈၇၀]တို့၏သမီး အမည်မှန်မှာ မယွန်းအိအိဖြိုးဖြစ်ပါသည်။

**ဦးဖြိုးမင်းထွန်း[၆/ကသန(နိုင်) ၀၅၄၃၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေသီထိုက် (LL.B)**
**(အထက်တန်းရှေ့နေ) (စဉ်-၄၅၀၈၈)**
**အမှတ်(၂၇/၂၉)၊ ပ-ထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။**
**Ph:09-795414148**

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ သန္ဓေပင်ကျေးရွာ(တောင်ပိုင်း)၊ ကွင်းအမည်-ကိုးလုံးတောင်ကွင်း၊ ကွင်းအမှတ်(၅၂၀-စီ)၊ ဦးပိုင်အမှတ်-၄၇/ခ၊ ဧရိယာ(၀.၇၆)ဧကရှိ မြေအနက်မှ ညာဘက်စွန်းရှိ ရှေ့မျက်နှာစာ(၂၇)ပေ၊ နောက်ဘက်မျက်နှာဖွင့်(၂၀)ပေ၊ အလျား(၂၀၁)ပေရှိ ခြံမြေအား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင်ဦး[၁၂/မဂဒ(နိုင်)၀၉၇၁၂၅]က ဝယ်ယူရာ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်း/အဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဦးဝင်းနိုင်ဦး** | **ဦးသီဟအောင်(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၁၀)** |
| | **အမှတ်(၇၀၂/ခ)၊ ရုံးပေါင်းစုံလမ်း၊** |
| | **မြို့နယ်တရားရုံးရှေ့၊ မှော်ဘီမြို့။** |
| | **ဖုန်း-၀၉-၄၂၅၀၁၅၄၈၅** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

